ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ စနေနေ့၊ (13-1-2007) (၅၂၀၁)

ကြည့်ရှုစစ်ဆေး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်–၁ လျှပ်စစ်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မလေးရှားနိုင်ငံ ဘုရင်မင်းမြတ်ထံမှ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၂

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ မလေးရှားနိုင်ငံဘုရင် တွန်ကူမီဇန်ဇိုင်နယ်လ်အာဘီဒင်အစ်ဘ်နီအယ်လ်မာဟွန်းစူလ်တန်မာမွတ် အယ်လ်မုတာဖီဘီလားရှားထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ကျွန်ုပ်အနေဖြင့် ဝမ်းမြောက်ဝမ်းသာစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ထို့အပြင် နှစ်နိုင်ငံတို့၏ ချစ်ကြည်ရေးသည် ဆက်လက်ခိုင်ကျည်ပြီး အနာဂတ်တွင်လည်း ပိုမိုခိုင်မြဲမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြထားသည်။

ဤမျှသာမက ကျွန်ုပ်အနေဖြင့် အဆွေတော်၏ ကျန်းမာရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ သာယာဝပြောရေးအတွက်လည်း ဆုမွန်ကောင်းများတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။ (ကြေးမုံ)

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကွန်းချောင်းနှင့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး အလေအလွင့်နည်းပါးရေးနှင့် ပွင့်လင်းရာသီတွင် လုပ်ငန်းများ အားသွန်ခွန်စိုက်လုပ်ကိုင်ရေး မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၂

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီး ဦးမျိုးမြင့် လိုက်ပါ၍ ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းတွင် ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ၌ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းညွှန်ကြားရေးမှူး ဦးမော်သာထွေးနှင့် တာဝန်ရှိသူများနှင့်အတူ ဖိအားမြင့် ဥမင်လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပင်မရေပိုလွှဲ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေထိန်းမျှော်စင် (Control Tower) နှင့် Access Bridge တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းသို့ သွားရောက်၍ ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ရေယူအဆောက်အအုံ၌ သံမဏိပိုက်လိုင်းများ တပ်ဆင်ခြင်းလုပ်ငန်းနှင့် ကွန်ကရစ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ကျောက်ဖြည့်တမံ တည်ဆောက်ရန် စက်ယန္တရားများဖြင့် တမံအောက်ခြေ၌ ကျောက်သား မြေသားများဖို့သည့် လုပ်ငန်းဆောင်ရွက်နေမှုကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ကြေးမုံ ဆောင်းပါးအညွှန်း

▶ ***နိုဘယ်လ်ဆုတီထွင်ခဲ့သူ ဒေါက်တာအဲလ်ဖရက်နိုဘယ်လ်က နိုင်ငံတကာငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက်မွန်မြတ်တဲ့ရည်ရွယ်ချက်နဲ့ နိုဘယ်လ်ဆုပေးဖို့ သေတမ်းစာနဲ့ အတိအလင်းချမှတ်ခဲ့တာဖြစ်ပေမယ့် အချို့အချို့သော နိုဘယ်လ်ဆုရှင်တွေကတော့ နိုင်ငံတကာပြည်တွင်းရေးတွေမှာ နယ်ချဲ့အလိုကျ ဝင်ရောက်စွက်ဖက်ဆူပူရေးနဲ့ နိုင်ငံတကာ ပြည်တွင်းရေးတွေကို မငြိမ်မသက်ဖြစ်အောင် နိုဘယ်လ်ဆုဆိုတဲ့ အမောက်ကြီးတထောင်ထောင်နဲ့ ပြောင်ပြောင်တင်းတင်း လုပ်ကိုင်နေကြ။***

ပေါက်စ၏ **“ငြိမ်းချမ်းရေးဆုလား၊ စွက်ဖက်ဆူပူရေးဆုလား”**
(ဆောင်းပါး) စာမျက်နှာ–၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၃-၁-၂၀၀၇
(စနေနေ့)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့သစ်တောကြီးများ အစဉ်ရှင်သန်ဖြစ်တည်ရေး ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံတွင် တောတောင်များ မပျက်စီးစေရန် ကာကွယ်သည့် အစီအမံများကို ချမှတ်ဆောင်ရွက်နေသောကြောင့် တစ်နိုင်ငံလုံး ဧရိယာ၏ ၅၀ ရာခိုင်နှုန်းကျော်မှာ သစ်တောများ ဖုံးလွှမ်းနေဆဲဖြစ်သည်။

သစ်တောရေးရာဝန်ကြီးဌာနက သစ်တောများ အစဉ်ရှင်သန် တိုးတက်စေရေးအတွက် ပြုစုထိန်းသိမ်းကာကွယ်လျက်ရှိရာ ကြိုးဝိုင်းတော၊ ကြိုးပြင်တောဧရိယာ စတုရန်းမိုင် ခြောက်သောင်းနီးပါးနှင့် သစ်တောစိုက်ခင်းဧကပေါင်း တစ်သန်းသုံးသိန်းကျော်အထိ ရှိသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးသစ်ပင်များ စနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် လုပ်ကိုင်လျက်ရှိရာ သစ်တောအဆင့်အတန်း တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ မိုးနည်းရေရှားရပ်ဝန်းများဖြစ်သည့် မုံရွာ၊ စစ်ကိုင်း၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပခုက္ကူ၊ မင်းဘူး၊ မကွေး၊ သရက်၊ ဂန့်ဂေါ၊ ညောင်ဦး၊ ကျောက်ဆည်နှင့် ရွှေဘိုခရိုင်တို့တွင် စိမ်းလန်းစိုပြည်သော သစ်တောများကို တွေ့မြင်နေရပြီဖြစ်သည်။

ထို့အပြင် အဖိုးတန်ကျွန်းသစ်နှင့် သစ်မာများ ပေါများစွာ ပေါက်ရောက်သည့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အထိ ငါးနှစ်စီမံချက်ဖြင့် သဘာဝသစ်တောများ ထိန်းသိမ်းနေသည့်အပြင်၊ ကျွန်းစိုက်ခင်းနှင့် ရေဝေရေလဲစိုက်ခင်းများကိုလည်း တိုးချဲ့စိုက်ပျိုး တည်ထောင်လျက်ရှိသည်။

နိုင်ငံတော်၏ ရေမြေသဘာဝ သယံဇာတအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံသားတိုင်းနှင့် ဆက်စပ်သက်ဆိုင်လျက်ရှိရာ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်သူများက ကြိုးဝိုင်းကြိုးပြင် သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကျွန်းအထူးစိုက်ခင်း၊ စီးပွားရေးစိုက်ခင်းများ တည်ထောင်ခြင်းနှင့် ဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မြန်မာ့သစ်တောကြီးများ အစဉ်ရှင်သန် ဖြစ်တည်လာနိုင်မည် ဖြစ်ပါသည်။ ။

လှိုင်မြို့နယ် (၄)ရပ်ကွက် အေးရိပ်မွန်နေ မိခင်ကြီး ဒေါ်ပေါပေါ၏ (၈၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ကိုစိုးပိုင်-မခင်မြတ်ဆွေ "ပိုင်"မိသားစုကုမ္ပဏီက ရန်ကင်းမြို့နယ် ပြည်သာယာရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် ငွေကျပ် တစ်သိန်း၊ စစ်ကိုင်းမင်းကွန်းလမ်းမြေဖို့အလှူအတွက် ငွေကျပ်တစ်သိန်း၊ ဆရာတော်၏ နဝကမ္မငွေကျပ် ငါးသောင်းလှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၅၃၅)

စက်မှု(၁) ဈေးရောင်းပွဲတော် ရက်ထပ်မံတိုးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၂

အမှတ်(၁)စက်မှုဝန်ကြီးဌာနက ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်အားကစားကွင်း၌ ကျင်းပလျက်ရှိသော စက်မှု(၁) ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၀ရက်ထိ ရက်ထပ်မံတိုးမြှင့် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါဈေးပွဲတော်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများကို အထူး ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ရွှေဆံတော်စေတီတော် ဖူးမြော် ငပလီကမ်းခြေရှိဟိုတယ်များကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ရွှေဆံတော်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော် ဘက်စုံပြုပြင်မွမ်းမံရန် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ငပလီကမ်းခြေရှိ Bay View Resort၊ Silver Beach Hotel၊ Amazing Ngapali Resort များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ငပလီကမ်းခြေရှိ Amazing Ngapali Resort ဟိုတယ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ဟိုတယ်/ခရီး)

သမ္ဗုဒ္ဓေ စေတီရဲ့ ၁၀၈ ဆူ အနေကဇာတင်နှင့် ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင် သမ္ဗုဒ္ဓေစေတီရဲ့ ၁၀၈ ဆူ အနေကဇာတင်နှင့် ရေစက်ချမင်္ဂလာပွဲကို ဇန်နဝါရီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ စေတီရဲ့ အလှူရှင်များ၊ စေတနာ အလှူရှင်များ တက်ရောက်ကြည်ညို သဒ္ဓါပွားနိုင်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်း စုပေါင်း သွေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်းက ကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် တက္ကသိုလ်များ(ရန်ကုန်) ဆေးရုံ၌ ကျင်းပရာ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်ပညာရေး တက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်း ၁၁၄ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမြင့်ပေ ၁၀၅၀၀ရှိ နတ်မ(ဝိတိုရိယ)တောင်ထိပ်သို့ တက်ရောက်ခဲ့သည့် ILBC ခြေလျင်နှင့် တောင်တက်အသင်းဝင်များ အတွေ့အကြုံရှင်း

ရန်ကုန် ဇန်နဝါရီ ၁၂

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ အမြင့်ပေ ၁၀၅၀၀ရှိသော နတ်မ(ဝိတိုရိယ)တောင်ထိပ်သို့ တက်ရောက်ခဲ့သည့် ILBC ခြေလျင်နှင့် တောင်တက်အသင်းဝင် ကျောင်းသား၊ ကျောင်းသူများ၏ အတွေ့အကြုံရှင်းလင်းပွဲ၊ အလံပေးအပ်ပွဲနှင့် ဂုဏ်ပြုရင်ထိုး တံဆိပ်ချီးမြှင့်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် လေးထောင့်ကန်လမ်း အမှတ်(၃၄)ရှိ ILBC အားကစားရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များနှင့် ILBC ကျောင်းသား၊ ကျောင်းသူလေးများက နိုင်ငံတော်သီချင်းနှင့် ILBC ကျောင်းသီချင်းတို့ကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ILBC အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ILBC ကျောင်းအုပ် ဆရာကြီး ဦးလေးမောင်ထံ ILBCခြေလျင်နှင့် တောင်တက်အသင်း အုပ်စုသုံးစု ခေါင်းဆောင် ကျောင်းသားများက အလံများ ပြန်လည်ပေးအပ်ကြသည်။

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ အမြင့်ပေ ၁၀၅၀၀ ရှိသော နတ်မ(ဝိတိုရိယ) တောင်ထိပ်သို့ တက်ရောက်ခဲ့သည့် ILBC ခြေလျင်နှင့်တောင်တက်အသင်းဝင် ကျောင်းသား၊ ကျောင်းသူများ၏ အတွေ့အကြုံရှင်းလင်းပွဲ၊ အလံပေးအပ်ပွဲနှင့် ဂုဏ်ပြုရင်ထိုးတံဆိပ် ချီးမြှင့်ပွဲတွင် ILBC အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပေးအပ်

ဆက်လက်၍ ILBC အုပ်ချုပ်မှုဒါရိုက်တာဦးတင်မောင်ဝင်းက အသက်အငယ်ဆုံး တောင်တက်အသင်းဝင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြု ဒိုင်းဆုချီးမြှင့်ပြီး တာဝန်ရှိသူများက ILBC ခြေလျင်နှင့် တောင်တက်အသင်းဝင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုရင်ထိုး တံဆိပ် ပေးအပ်ကြသည်။

ထို့နောက် ILBC အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ဝင်းက ချင်းပြည်နယ် နတ်မ(ဝိတိုရိယ) တောင်ထိပ်သို့တက်ရောက်ခဲ့သည့် ILBC ခြေလျင်နှင့် တောင်တက်ခရီးစဉ် အတွေ့အကြုံကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် စာနယ်ဇင်းအသီးသီးမှ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ ILBC အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ တောင်တက်အသင်းဝင် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

အဆိုပါ နတ်မ(ဝိတိုရိယ) တောင်ထိပ်သို့ အုပ်ချုပ်သူ၊ နည်းပြများနှင့် အသင်းဝင် ကျောင်းသား၊ ကျောင်းသူ ၆၀တို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၂

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပသော နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်နိုင်ငံခြားသံတမန်များ ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၄ရက်တွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန Hydel Paunglaung Golf Club ဂေါက်ကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E Mr. Hul Phany၊ နိုင်ငံခြားသံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဂေါက်သီးအားကစားသမားများ ပါဝင်ယှဉ်ပြိုင် ကစားကြသည်။

ပြိုင်ပွဲအပြီးတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ဝန်ကြီးဦးဉာဏ်ဝင်းက ဆုချီးမြှင့်ပြီး အခြားဆုရရှိသူများအား သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E Mr. Hul Phanyက ဆုချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲ

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားသံတမန်များ ချစ်ကြည်ရေးဂေါက်သီးရိုက်ပြိုင်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E Mr. Hul Phany နှင့် သံအမတ်ကြီးများအား တွေ့ရစဉ်။

(သတင်းစဉ်)

ဇန်နဝါရီ ၇ရက်က သထုံအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင် သားသမီးများအား ဂုဏ်ပြုပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူး ရရှိသူ မဝတ်ရည်လှိုင်အား ဥက္ကဋ္ဌ ဦးစောလွင် ဆုချီးမြှင့်စဉ်။

(က-ပ)

မှတ်ပုံတင်နှင့်လိုင်စင်သက်တမ်း တိုးမြှင့်ခြင်းမရှိသော တိုင်းရင်းဆေးဝါးများအား မှတ်ပုံတင်/လိုင်စင် ပယ်ဖျက်မည်

နေပြည်တော် ဇန်နဝါရီ ၁၂

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် အများပြည်သူသုံးစွဲရန်အတွက် ဈေးကွက်တွင် ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသော မြန်မာ့တိုင်းရင်းဆေးဝါးများ စနစ်တကျနှင့် စံချိန်စံညွှန်းမီ ဆေးဝါးများအဖြစ် သုံးစွဲရန် ရည်ရွယ်၍ တိုင်းရင်းဆေးဝါး ယာယီမှတ်ပုံတင်ထုတ်ပေးခဲ့ရာ ၁၉၉၇ခုနှစ်မှ ၂၀၀၆ခုနှစ် ဒီဇင်ဘာလကုန်အထိ ၈၃၅၄မျိုးရှိပြီး ထုတ်လုပ်ခွင့်လိုင်စင် ၁၄၆၁ခု ခွင့်ပြုထုတ်ပေးခဲ့ကြောင်း၊ အဆိုပါ ဆေးဝါးများအနက် မှတ်ပုံတင်သက်တမ်းတိုး ပုံမှန်ပြုလုပ်သောဆေးဝါး ၃၁၈၈မျိုးနှင့် လိုင်စင်သက်တမ်းတိုးမြှင့်မှု ပုံမှန်ပြုလုပ်သော ဆေးဝါး ၆၉၇ ခုသာရှိသည်ဟု စိစစ်တွေ့ရှိရကြောင်း သိရှိရသည်။

ပယ်ဖျက်မည်

သို့ဖြစ်၍ ယာယီမှတ်ပုံတင်နှင့် လိုင်စင်သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးမြှင့်ရေး ဆောင်ရွက်ရန်နှင့် သက်တမ်းကုန်ဆုံးသော တိုင်းရင်းဆေးဝါးများကို တိုင်းရင်းဆေးဝါးဥပဒေအရ ယာယီမှတ်ပုံတင်နှင့် လိုင်စင် ပယ်ဖျက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီဘဏ်ချေးငွေ ပြန်လည်ကောက်ခံရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

ပဲခူး ဇန်နဝါရီ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ပဲခူးတိုင်းအတွင်းရှိမြို့နယ် ၂၈ခုမှ တောင်သူလယ်သမားများသို့ ထုတ်ချေးခဲ့သော ၂၀၀၆ခုနှစ်မိုးရာသီ သီးနှံ ထုတ်လုပ်မှုဘဏ်ချေးငွေများ ပြန်လည်ကောက်ခံရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပဲခူးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပဲခူးတိုင်းဘဏ်ခွဲ၌ ဇန်နဝါရီ ၅ရက် နံနက် ၈နာရီကကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းတက်ရောက်၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)** အခမ်းအနားသို့ ရုံးချုပ်မှ ပဲခူးတိုင်း ချေးငွေကြီးကြပ်တာဝန်ခံ ဦးချစ်သိမ်း၊ တိုင်းမန်နေဂျာဒေါ်နုနုအေးနှင့် မြို့နယ်မန်နေဂျာများ တက်ရောက်ကြသည်။ (ခရိုင်ပြန်/ဆက်)

ပန်းဘဲတန်းမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက်က ကျောင်းခန်းမ၌ကျင်းပရာ ဘက်စုံထူးချွန် ဒုတိယရရှိသူ Grade 1 B မှ မောင်ခင်မောင်စန်းအား ကျောင်းအုပ်ဆရာကြီး ဦးစိုးတင် ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်စဉ်။

(ပညာရေး)

ခုခံအားကျဆင်းမှုကူးစက်ရောဂါကို ဘက်စုံကဏ္ဍစုံ ပူးပေါင်းတိုက်ဖျက်လျက်ရှိ မီဒီယာများ ပိုမိုပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၂

တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတို့သည် ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေနိုင်သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနက အဓိကဦးစားပေးတိုက်ဖျက်ရမည့် ရောဂါများအဖြစ် သတ်မှတ်ပြီး အမျိုးသားရေးအသွင်ဖြင့် တိုက်ဖျက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လိုအပ်သည့်လေ့လာမှုများကို ၁၉၈၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေး ဗဟိုအဖွဲ့ကို အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ၁၉၈၉ ခုနှစ်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

ဖြစ်ပွားမှုနှုန်းလျော့ကျ

ကျန်းမာရေးဝန်ကြီးဌာနနှင့် UNAIDS၊ WHOတို့မှ ကျွမ်းကျင်သူများ ပူးပေါင်းပြီး ၂၀၀၄ ခုနှစ် စက်တင်ဘာလတွင်ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၏ ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံ၌ HIVရောဂါပိုး ကူးစက်ခံထားရနိုင်သူနှင့် AIDS ဝေဒနာခံစားနေရသူ စုစုပေါင်း ၃၃၈၉၁၁ဦးရှိကြောင်း သိရှိရသည်။ ၂၀၀၅ ခုနှစ် စက်တင်ဘာလတွင် ဆက်လက်ပူးပေါင်းကျင်းပသော HIV ပိုးကူးစက်ပြန့်ပွားမှုနှင့် အကျိုးဆက်များ ခန့်မှန်းတွက်ဆခြင်း အလုပ်ရုံဆွေးနွေးပွဲရလဒ်အရ မြန်မာနိုင်ငံ၌ ၂၀၀၀ပြည့်နှစ်တွင် HIV ဖြစ်ပွားမှုနှုန်း ၁ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ၁ ဒသမ ၃ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်း တွေ့ရှိရသည်။

ရောဂါကာကွယ်တားဆီးရေးနှင့် တိုက်ဖျက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပြီး ပြင်ပမှ ကျွမ်းကျင်သူပညာရှင်များဖြင့် လေ့လာဆန်းစစ်သည့် လုပ်ငန်းကိုလည်း ၂၀၀၆ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။ အဆိုပါ လေ့လာဆန်းစစ်မှုများအရ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ကာလအတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ကဏ္ဍစုံဘက်စုံမှ ပူးပေါင်းတိုက်ဖျက်ရေးအတွက် National Strategic Plan ကို ဆက်လက်ရေးဆွဲပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဦးစီးဌာန၊ National AIDS Program (NAP)၊ UNAIDS နှင့် UNICတို့ ပူးတွဲ၍ ရောဂါ ကာကွယ်တိုက်ဖျက်ရေးတွင် မီဒီယာများ၏ ပူးပေါင်းပါဝင်မှု ပိုမိုရရှိရေး တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀နာရီမှ မွန်းလွဲ ၁နာရီအထိ ရန်ကုန်မြို့ ဆန်းမစ်ပါ့ခ်ဗျူးဟိုတယ်၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ တာဝန်ရှိသူများ၊ UNICEF၊ UNAIDS၊ NAP နှင့် UNIC တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းသတင်းဂျာနယ်များမှ စာတည်းမှူးချုပ်များ၊ စာရေးဆရာ ချစ်စံဝင်း၊ စာရေးဆရာမ မစန္ဒာနှင့် သန်းမြင့်အောင်တို့ တက်ရောက်ကြပြီး အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်ရေးအတွက် သတင်းအချက်အလက်များ ပြန်ကြားထုတ်ပြန်ရေး၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ ဒေသအာဏာပိုင်များနှင့် မီဒီယာများ ဆက်သွယ်ဆက်ဆံရေး၊ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ မီဒီယာသင်တန်းများ ဖွင့်လှစ်ပို့ချရေး၊ လုပ်ငန်းအကောင်အထည်ဖော် အောင်မြင်မှုများကို သက်ဆိုင်ရာနယ်မြေဒေသများသို့ ကွင်းဆင်းလေ့လာမှတ်တမ်းတင်ရေး၊ ရောဂါကာကွယ်ရေးနှင့်ပညာပေးလုပ်ငန်းဆိုင်ရာ သတင်း၊ ဆောင်းပါး၊ ဝတ္ထုများ ရေးသားဖော်ပြရေး၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုအသံလွှင့် အစီအစဉ်များကို ရိုက်ကူးထုတ်လွှင့်ရေး အကြံပြုဆွေးနွေးကြသည်။

ယင်းကဲ့သို့ မီဒီယာနှင့် တွေ့ဆုံဆွေးနွေးမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွက်
(၁၄-၁-၂၀၀၇) ရက်နေ့
နှင့်
(၂၈-၁-၂၀၀၇)ရက်နေ့

အီရတ်ရှိ အီရန်ကောင်စစ်ဝန်ရုံးကို ကန်တပ်ဖွဲ့စီးနင်း ဝန်ထမ်းခြောက်ဦးကို ဖမ်းဆီးခေါ်ဆောင်သွား

လန်ဒန် ဇန်နဝါရီ ၁၂

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ အာဘီးလ်မြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးကို ကြာသပတေးနေ့အစောပိုင်းက ဝင်ရောက်စီးနင်းရှာဖွေခဲ့ပြီး ရုံးဝန်ထမ်းခြောက်ဦးအား စစ်ဆေးမေးမြန်းရန် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် အာဘီးလ်မြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးအား ဝင်စီးကာ ကွန်ပျူတာများနှင့် စာရွက်စာတမ်းအများအပြားကို သယ်ဆောင်သွားကြောင်း သတင်းများတွင် ဖော်ပြသည်။ အာဘီးလ်မြို့သည် မြို့တော်ဘဂ္ဂဒက်မြောက်ဘက် မိုင် ၂၂၀ အကွာတွင် တည်ရှိပြီး ကာ့ဒ်လူမျိုးစုဝင်များ အများဆုံး နေထိုင်ရာမြို့ဖြစ်သည်။

နိုးဆော်ခဲ့

အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရန်ကောင်စစ်ဝန်ရုံးအဆောက်အအုံအနီးတစ်ဝိုက်ရှိ လမ်းများကို ပိတ်ဆို့ထားခဲ့သည်။ ကောင်စစ်ဝန်ရုံးအတွင်း ရှိနေသူများအားလုံး အဆောက်အအုံပြင်ပသို့ ထွက်ခွာပေးရန် အမေရိကန်တပ်ဖွဲ့ဝင်များက အသံချဲ့စက်ဖြင့် ပြောကြားခဲ့သည်။

အတည်ပြု

အီရန်ကောင်စစ်ဝန်ရုံးကို ဝင်စီးသည်ဆိုခြင်းမှာ မှန်ကန်သည်ဟု အမေရိကန်စစ်ဘက်က အတည်ပြုသည်။ သို့ရာတွင် အသေးစိတ် ဖော်ပြခြင်းမရှိပေ။

ကောင်စစ်ဝန်ရုံး အဆောက်အအုံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာသွားချိန်တွင် ကာ့ဒ်လုံခြုံရေးတပ်ဖွဲ့ဝင်များကအဆောက်အအုံအတွင်းသို့ဝင်ရောက်သွားကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက သတင်းဖော်ပြသည်။

သတင်းထုတ်ပြန်

ကောင်စစ်ဝန်ရုံး စီးနင်းခံရမှုနှင့် ပတ်သက်၍ ကန့်ကွက်သည့် စာတစ်စောင်ကို ဘဂ္ဂဒက်ရှိ အီရန်သံရုံးက အီရတ် နိုင်ငံခြားရေးဝန်ကြီးဌာနထံ ပေးပို့ခဲ့ကြောင်း အီရန် အိုင်အာအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံအလယ်ပိုင်း ဟောနန်ပြည်နယ် ကျောင်ဆူအရပ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်နေရာ၌တူးဖော်တွေ့ရှိရသော ရှေးဟောင်းအုတ်ဂူအတွင်းမှ အနုပညာလက်ရာပစ္စည်းအချို့ကို ဇန်နဝါရီ ၁၀ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တတိယအကြိမ်သမ္မတရာထူးတာဝန် ဟူဂိုချာဗက်ဇ်ထမ်းဆောင်မည်

ကာရာကာ့စ် ဇန်နဝါရီ ၁၁

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ် ဦးဆောင်သော ဝန်ကြီးအဖွဲ့သည် တနင်္လာနေ့က ကျမ်းသစ္စာကျိန်ဆိုသည်။ ချာဗက်ဇ်သည် ဗုဒ္ဓဟူးနေ့မှစ၍ ခြောက်နှစ်သက်တမ်းရှိ သမ္မတရာထူးကို တတိယအကြိမ် ထမ်းဆောင်မည်ဖြစ်သည်။

ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို မြို့တော်ကာရာကာ့စ်ရှိ ယဉ်ကျေးမှုဗဟိုဌာနတွင် ကျင်းပသည်။

ထူထောင်

ချာဗက်ဇ်သည် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၃ ရက်က ဗင်နီဇွဲလားသမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။ ဝန်ကြီးအဖွဲ့သစ်ကို ချာဗက်ဇ်က ပြန်လည် ပြင်ဆင်ဖွဲ့စည်းရာ၌ ဝန်ကြီး ၁၅ ဦးကို လူစားထိုးလဲလှယ်ခဲ့ပြီး ဝန်ကြီးဌာနသစ်နှစ်ခုကို ထူထောင်လိုက်သည်။

ပန်ကြား

သမ္မတ၏ အခွင့်အာဏာများ တိုးပေးရန် အမျိုးသားလွှတ်တော်အား ချာဗက်ဇ်က ပန်ကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံရှိ တယ်လီဖုန်းကုမ္ပဏီတစ်ခုနှင့် နိုင်ငံခြား ရေနံကုမ္ပဏီအချို့ကို ပြည်သူပိုင်သိမ်းမည် ဖြစ်ကြောင်း ချာဗက်ဇ်က ထုတ်ပြန်ကြေညာခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

ပိုလန်မြောက်ပိုင်းတွင် ကိုကင်းများ ဖမ်းဆီးမိ

ဝါဆော ဇန်နဝါရီ ၁၁

ပိုလန်အကောက်ခွန်ဝန်ထမ်းများသည် ဇန်နဝါရီ ၈ ရက်က နိုင်ငံမြောက်ပိုင်းရှိ ဂဒိုင်းနီးယားပင်လယ် ဆိပ်ကမ်းမြို့တွင် အမေရိကန်ဒေါ်လာ ၁၆ဒသမ၈သန်းဖိုးရှိ ကိုကင်းမှုးယစ်ဆေးဝါး ကီလို ၁၂၀ ကို ဖမ်းဆီးရမိခဲ့သည်။

တောင်အမေရိကမှ သယ်ဆောင်လာသော ငှက်ပျောသီးကုန်စည်များကို ပုံမှန်အတိုင်း စစ်ဆေးရာမှ ယခုကဲ့သို့ ဖမ်းဆီးရမိခြင်းဖြစ်သည်။

ပိုလန်နိုင်ငံအတွင်းသို့ ကိုကင်းများ မှောင်ခို သယ်ဆောင်လာသူများဟု ထင်ရသူ ပိုလန်လူမျိုး နှစ်ဦးကို အာဏာပိုင်များက ဖမ်းဆီးထားသည်။ ဖမ်းဆီးခြင်း ခံထားရသူများသည် မှောင်ခိုအဖွဲ့နှင့် အဆက်အသွယ်ရှိသူများဖြစ်၍ တရားခံများကို ဆက်လက်ဖမ်းဆီးရမိနိုင်စရာရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

သြစတြေးလျနိုင်ငံဆစ်ဒနီဆိပ်ကမ်းရေပြင်တွင် အုတ်ကလန်မှ နယူးဇီလန်သို့ ကီလိုမီတာ ၂၂၀၀ခရီးကို လှေငယ်ဖြင့် လှော်ခတ်နိုင်ရေး အတွက် လေ့ကျင့်နေသူ နှစ်ဦးကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်တွင် အအေးလှိုင်းကျရောက် ၁၁၈ဦးသေဆုံး

ဒါကာ ဇန်နဝါရီ ၁၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ဝန်းတွင် လွန်ခဲ့သည့် ခြောက်ရက်အတွင်း အအေးလှိုင်းကျရောက်သဖြင့် လူ ၁၁၈ဦး သေဆုံးကြောင်း၊ သေဆုံးသူအများစုမှာ ဆင်းရဲနွမ်းပါးသည့်ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အိမ်ခြေယာခြေ မရှိသူများဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သေဆုံးသူအများစုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနောက်မြောက်ပိုင်းဒေသမှ ဖြစ်ပြီး အအေးမိရောဂါများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ဖြစ်ပွား၍ သေဆုံးခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကနေဒါ၌ ခြောက်မြွှာပူးကလေးမွေး

အော့တဝါ ဇန်နဝါရီ ၁၁

ကနေဒါနိုင်ငံ ဗင်ကူးဗားဆေးရုံ၌ အမျိုးသမီးတစ်ဦးသည် ပထမဦးဆုံးသော ခြောက်မြွှာပူးကလေးကို အောင်မြင်စွာ မွေးဖွားခဲ့ကြောင်း ကနေဒါရေဒီယိုက ဇန်နဝါရီ ၈ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မွေးဖွားသူများအနက် တစ်ဦးမှာ ပုံမှန်အတိုင်းမွေးဖွားခြင်းဖြစ်ပြီး ကျန်ကလေးငါးဦးမှာမူ အရေးပေါ်ဗိုက်ခွဲ၍ မွေးဖွားပေးခဲ့ရသည်။

ကလေးလေးဦးမှာယောကျ်ားကလေးများဖြစ်ပြီး နှစ်ဦးမှာ မိန်းကလေးများဖြစ်သည်။ ကလေးများကို ကိုယ်ဝန်ခြောက်လခွဲအကြာ၌ မွေးဖွားခြင်းဖြစ်သည်။ ကလေးများ၏ အလေးချိန်မှာ အနည်းဆုံး ဂရမ် ၈၀၀မှ အများဆုံး ၁ဒသမ ၈ ပေါင်အထိသာ ရှိသည်။

ဗြိတိသျှ ကိုလမ်ဘီယာ အမျိုးသမီးဆေးရုံတွင် မွေးဖွားခြင်းဖြစ်ပြီး ဖော်ပြပါ သတင်းမှန်မမှန်ကို ဆေးရုံက အတည် ပြုခြင်းမရှိပေ။ ကာယကံရှင်မိသားစုများ၏ ပုဂ္ဂိုလ်ရေးမေတ္တာရပ်ခံချက်အရ ဆေးရုံက တစ်စုံတစ်ရာ ပြောကြားမှု မရှိခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အကြမ်းဖက်လေ့ကျင့်ရေးစခန်း တရုတ်ရဲတပ်ဖွဲ့ဖြိုခွင်း

အူရွမ်ကီ ဇန်နဝါရီ ၁၁

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း စင်းကျန်းအူရီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အကြမ်းဖက်မှု လေ့ကျင့်ရေးစခန်းတစ်ခုကိုရဲတပ်ဖွဲ့က ဖြိုခွင်းလိုက်ကြောင်း၊ အဆိုပါ စခန်းကို ဖျက်ဆီးရာတွင် အကြမ်းဖက်သမား ၁၈ ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း စင်းကျန်းပြည်သူ့လုံခြုံရေးဌာန ပြောရေးဆိုခွင့်ရှိသူက တနင်္လာနေ့တွင် ပြောကြားသည်။

အဆိုပါ ဒေသတောင်ပိုင်း ပါမီယာကုန်းမြင့်ဒေသရှိ တောင်တန်းပေါ်တွင် တည်ရှိသည့် အကြမ်းဖက်မှု လေ့ကျင့်ရေးစခန်းကို ဖျက်ဆီးနိုင်ရန် ရဲတပ်ဖွဲ့က ကြိုးပမ်းရာ၌ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိပြီး အကြမ်းဖက်သမား ၁၇ ဦးကို ဖမ်းဆီးရမိသည်။

အမ်အင်အေ၊ဆင်ဟွာ။

တူရကီသို့ ဓာတ်ငွေ့တင်ပို့မှု အီရန်ပြန်လည်စတင်

အန်ကာရာ ဇန်နဝါရီ ၁၁

အီရန်နိုင်ငံသည် တူရကီနိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုကို တနင်္ဂနွေနေ့နံနက်တွင် ပြန်လည် စတင်လိုက်ကြောင်း၊ ပြည်တွင်းသုံးစွဲသည့် ဓာတ်ငွေ့ပမာဏများပြားလာမှုကြောင့် တူရကီနိုင်ငံသို့ တင်ပို့မှုကို ဆိုင်းငံ့ထားခဲ့ရာမှ ရက်သတ္တပတ်အတန်ကြာတွင် ပြန်လည်တင်ပို့ခြင်း ဖြစ်ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

အီရန်နိုင်ငံသည်တူရကီနိုင်ငံသို့မွန်းတည့်ချိန်အထိ သဘာဝဓာတ်ငွေ့ကုဗမီတာ ၃ ဒသမ ၅ သန်း ပို့လွှတ်ခဲ့ကြောင်း သတင်းဌာနက ဖော်ပြသည်။ တူရကီနိုင်ငံသို့ ပို့လွှတ်သည့် သဘာဝဓာတ်ငွေ့ပမာဏကို တိုးမြှင့်ပေးမည် ဖြစ်ကြောင်း တူရကီနိုင်ငံ စွမ်းအင်နှင့်သဘာဝအရင်းအမြစ်များဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

အီရန်နိုင်ငံသည် ပြင်းထန်သည့် ဆောင်းရာသီအခြေအနေများကြောင့် ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသဖြင့် ဒီဇင်ဘာလတွင် တူရကီနိုင်ငံသို့ သဘာဝဓာတ်ငွေ့ပို့လွှတ်မှုကို နေ့စဉ် ကုဗမီတာ ၂၇ သန်းလျှော့ချခဲ့ပြီး ဇန်နဝါရီလ ၃ ရက်တွင် လုံးဝဖြတ်တောက်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အိန္ဒိယနိုင်ငံ ဒေလီမြို့၌ ပြုလုပ်သော ဖက်ရှင်ပြပွဲတစ်ခုတွင် သတို့သမီးဝတ်စုံကို ဝတ်ဆင်ထားသည့် မော်ဒယ်တစ်ဦးအား ဇန်နဝါရီ ၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏အရှေ့အလယ်ပိုင်းမူဝါဒကိုဆီးရီးယားဝေဖန် ဒေသတွင်း ပြဿနာများကို တိုးပွားစေဟုဆို

ဒမတ်စကတ် ဇန်နဝါရီ ၁၁

အမေရိကန်တို့ အရှေ့အလယ်ပိုင်းဒေသ၌ ကျင့်သုံးနေသော မူဝါဒသည် ပြဿနာများကို လျော့မသွားစေဘဲ ဒေသတွင်းပြဿနာများကိုသာ တိုးပွားဖြစ်ပေါ်လာစေသော မူဝါဒမျိုးသာဖြစ်သည်ဟု ဆီးရီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးမိုဆန်ဘီလားလ်က ဇန်နဝါရီ ၈ရက်တွင် ဝေဖန်ပြောကြားသည်။ စပိန်နိုင်ငံ ကွန်မြူနစ်ပါတီကိုယ်စားလှယ်များနှင့် တွေ့ဆုံရာ၌ ပြန်ကြားရေးဝန်ကြီးဘီလားလ်က အထက်ပါစကားများကို ပြောကြားခြင်းဖြစ်ကြောင်း ဆာနာသတင်းအေဂျင်စီက ဖော်ပြသည်။

ဆီးရီးယားအနေဖြင့် အမေရိကန်ပြည်သူများကို ဆန့်ကျင်ခြင်းမရှိကြောင်း၊ သို့ရာတွင် အရှေ့အလယ်ပိုင်းဒေသ ပြဿနာများကို တိုးပွားလာစေရန် လုပ်ဆောင်နေသော အမေရိကန်အစိုးရ၏မူဝါဒကိုသာ ဝေဖန်ရခြင်းဖြစ်ကြောင်း ဘီလားလ်က ပြောကြားသည်။

ဒေသတွင်းနေ ပြည်သူများသည် ၎င်းတို့နှင့်သက်ဆိုင်သည့်ကိစ္စများကို ၎င်းတို့ကောင်းစွာ သိမြင်ကြကြောင်း၊ မည်သည့်အပြောင်းအလဲမျိုးနှင့် သင့်တော်သည်၊ အနာဂတ်တွင် မည်သည့်လိုလားချက်မျိုးရှိသည်ကို ကောင်းစွာ သဘောပေါက်ကြကြောင်း၊ ဘီလားလ်က ဆက်လက်ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ဆီးရီးယားနိုင်ငံ၏အခန်းကဏ္ဍသည် အရေးပါကြောင်း၊ ဆီးရီးယားနိုင်ငံ ပါဝင်ခြင်းမရှိလျှင်အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်း ရေးသည် ပြည့်စုံစစ်မှန်မှုရှိမည်မဟုတ်ကြောင်း စပိန်ကိုယ်စားလှယ်မီဂီရယ်လ်ကလည်း ပြန်လည်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှားနိုင်ငံ မော်စကိုမြို့၌ ၆၄ စတုရန်းမီတာရှိ စစ်တု ရင်ခုံကို အသုံးပြု၍ စစ်တုရင်ကစားနေသည်ကို ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တရုတ်နှင့်အာဆီယံ ဝန်ဆောင်မှုကဏ္ဍ ဆက်လက်တိုးတက်မည်

ပေကျင်း ဇန်နဝါရီ ၁၁

တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)တို့၏ ဝန်ဆောင်မှုကဏ္ဍကုန်သွယ်ရေးလုပ်ငန်းသည် ၂၀၀၇ ခုနှစ်တွင် ဆက်လက်တိုးတက်နေမည်ဟု မျှော်လင့်ရကြောင်း တရုတ်လူမှုသိပ္ပံအကယ်ဒမီမှ စီးပွားရေး ပညာရှင်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

တရုတ်–အာဆီယံ စီးပွားရေးနှင့် ကုန်သွယ်ရေး ဆက်ဆံမှုဆိုင်ရာ နှီးနှော ဖလှယ်ပွဲတွင် စီးပွားရေး ပညာရှင်လူကျန်းရင်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

တရုတ်နှင့်အာဆီယံနိုင်ငံများသည် တစ်နိုင်ငံချင်းအလိုက် ဝန်ဆောင်မှုကဏ္ဍ အားသာချက်များရှိကြောင်း၊ တရုတ်နိုင်ငံ၏ ကွန်ပျူတာဝန်ဆောင်မှုကဏ္ဍ၊ စင်ကာပူ၏ ဘဏ္ဍာရေး၊ တရားဥပဒေနှင့် ပြပွဲလုပ်ငန်း ဝန်ဆောင်မှုကဏ္ဍ၊ ထိုင်း၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုကဏ္ဍတို့မှာ ယှဉ်ပြိုင်မှုအရ အားကောင်းလျက်ရှိကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းဈေးကွက် အပြန်အလှန် ဖွင့်ပေးခြင်းဖြင့် နိုင်ငံများအတွင်း ကွာဟချက် ကျဉ်းမြောင်းသွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ကမ္ဘောဒီးယားတွင် နိုင်ငံခြားသားများ အလုပ်လုပ်ခွင့် ပါမစ်သစ်လိုအပ်

ဖနောင်ပင် ဇန်နဝါရီ ၁၁

ကမ္ဘောဒီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော ပြည်ပအလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်း ပိုင်ဆိုင်သည့် နိုင်ငံခြားသားများသည် အလုပ်လုပ်ကိုင်ခွင့် ပါမစ်သစ် လျှောက်ထားရန်နှင့် ကျန်းမာရေး စစ်ဆေးမှုခံယူရန် လိုအပ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အလုပ်လုပ်ကိုင်ခွင့် ပါမစ်လျှောက်ထားမှုအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၊ ကျန်းမာရေးစစ်ဆေးမှုအတွက် နောက်ထပ် ၁၅ဒေါ်လာ အခကြေးငွေ ကောက်ယူမည်ဖြစ်ကြောင်း၊ အစိုးရက အခွန်ဘဏ္ဍာများ အပြည့်အဝကောက်ယူနိုင်ရန် အစီအစဉ်တစ်ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ကမ္ဘောဒီးယား အလုပ်သမားဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကားလျက် ကမ္ဘောဒီးယားနေ့စဉ် သတင်းစာက ရေးသားဖော်ပြသည်။

နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သံရုံးများမှ ဝန်ထမ်းများသည် အလုပ်လုပ်ကိုင်ခွင့်ပါမစ် လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့် ရမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ချက်နိုင်ငံ စပင်ဒယ်လ်ရူ အမ်လင်မြို့ရှိ နှင်းလျှောစီးအပန်းဖြေ စခန်းကို ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယလေဆိပ်များ၌ လုံခြုံရေးတပ်လှန့်

ဒေလီ ဇန်နဝါရီ ၁၁

စစ်သွေးကြွအချို့က လေယာဉ် အပိုင်စီးမည်ဆိုသောသတင်း ထွက်ပေါ်လာပြီးနောက် အိန္ဒိယနိုင်ငံတစ်ဝန်းရှိ လေဆိပ်များကို လုံခြုံရေး တပ်လှန့်ထားကြောင်း အရာရှိအသိုင်းအဝိုင်းများထံမှ ဇန်နဝါရီ ၉ ရက်တွင် ထွက်ပေါ်လာသောသတင်းက ဖော်ပြသည်။

မြို့ပြလေကြောင်းသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက အထက်ပါသတင်းကို ပြောကြားခြင်းဖြစ်သည်။ မြို့ပြလေကြောင်း လုံခြုံရေးဗျူရိုက ဗဟိုလေကြောင်း လုံခြုံရေးဌာနကို လေဆိပ်များ၌ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ထားရန်ညွှန်ကြားခဲ့သည်။

လေဆိပ်များ၌ ပုံမှန်ရှာဖွေမှုများပြုလုပ်မည့်အပြင် တိုးမြှင့်ရှာဖွေခြင်း၊ လုံခြုံရေးတိုးချဲ့ချထားခြင်းစသည့် အစီအစဉ်များကို ဖြည့်စွက်ဆောင်ရွက်ထားကြောင်း သိရသည်။

ယခင်နှစ် ဇူလိုင် ၁၁ ရက်တွင် မွမ်ဘိုင်းမြို့ပြင်ဒေသ၌ဗုံးများဆက်တိုက်ပေါက်ကွဲခဲ့ပြီးနောက် အိန္ဒိယ လေဆိပ်များ၌ လုံခြုံရေးကိုတိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ပီတီအိုင်။***

ဘဂ္ဂဒက်တွင် ကုန်တင်လေယာဉ်ပျက်ကျ ၃၂ဦးသေဆုံး

အန်ကာရာ ဇန်နဝါရီ ၁၁

တူရကီနိုင်ငံမှ အလုပ်မားများ သယ်ဆောင်လာသည့်ကုန်တင်လေယာဉ် တစ်စင်းသည် အင်္ဂါနေ့က ဘဂ္ဂဒက်မြို့တော်ရှိ အလာဆတ်လေဆိပ်သို့ ဆင်းသက်စဉ် ပျက်ကျသွားသဖြင့် လူ ၃၂ ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း တူရကီသတင်းဌာနက ဖော်ပြသည်။

မော်ဒိုဗန်ကုမ္ပဏီပိုင် အဆိုပါလေယာဉ်သည် တူရကီနိုင်ငံတောင်ပိုင်းရှိ အဒါနာပြည်နယ်မှ အီရတ်နိုင်ငံသို့ ပျံသန်းခဲ့ပြီးနောက် ပျက်ကျခြင်းဖြစ်သည်ဟု အနာတိုလီယာ သတင်းဌာနက ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆိုမာလီယာကို အမေရိကန်ဗုံးကြဲတိုက်ခိုက်မှု ဘန်ကီမွန်းစိုးရိမ်ပူပန်

ကုလသမဂ္ဂ ဇန်နဝါရီ ၁၁

အမေရိကန်နိုင်ငံက ဆိုမာလီယာနိုင်ငံကို တနင်္ဂနွေနေ့က ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မိကြောင်း၊ ယင်းလုပ်ရပ်မှာ စစ်ရေးပဋိပက္ခကိုအရှိန်မြင့်တက်စေနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူး ဘန်ကီမွန်းက ထုတ်ဖော်ပြောကြားသည်ဟု ၎င်း၏ပြောရေးဆိုခွင့်ရှိသူ မီချဲလီမွန်တက်စ်က အင်္ဂါနေ့တွင် ပြောကြားသည်။

ဘန်ကီမွန်းသည် ဆိုမာလီယာနိုင်ငံ တောင်ပိုင်း၌ အရပ်သားများ ထိခိုက်မှုကို စိုးရိမ်မိကြောင်း၊ သေဆုံးသွားသည့် အရပ်သားများအတွက်လည်း ဝမ်းနည်းမိကြောင်း မွန်တက်စ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဆိုမာလီယာနိုင်ငံ တောင်ပိုင်းရှိ ပစ်မှတ်တစ်ခုကို ဗုံးကြဲတိုက်ခိုက်ရာတွင် လူငါးဦးမှ ၁၀ဦးအထိ သေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။ ဆိုမာလီယာနိုင်ငံသို့ လူသားချင်းစာနာရေး အကူအညီများ ပြန်လည်ဖြန့်ဝေပေးနိုင်မည့် ဖြစ်နိုင်ခြေအလားအလာများကို လေ့လာရန် ကုလသမဂ္ဂသည် ကင်ညာ–ဆိုမာလီးယားနယ်စပ်သို့ လေ့လာရေးအဖွဲ့တစ်ဖွဲ့ကို ကြာသပတေးနေ့တွင် စေလွှတ်ရန် စီစဉ်လျက်ရှိသည်။

နယ်စပ်ရှိ အိမ်ပစ်ရာပစ် ထွက်ပြေးလာရသူ ၄၇၀၀ ထက်မနည်းမှာ ရိက္ခာ၊ နေအိမ်၊ ဆေးဝါးနှင့် အခြေခံထောက်ပံ့မှုတို့ကို အရေးတကြီး လိုအပ်လျက်ရှိကြောင်းလူသားချင်းစာနာထောက်ထားရေး ညှိနှိုင်းမှုရုံး၏ ထုတ်ပြန်ကြေညာချက်ကို ကိုးကားလျက် မွန်တက်စ်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်တောင်ပိုင်းတွင် ဘဲအများအပြားသေဆုံး

ဟန်နွိုင်း ဇန်နဝါရီ ၁၁

ဗီယက်နမ်နိုင်ငံ တောင်ပိုင်းဒေသရှိ ကီယန်ဂျီယန်ပြည်နယ်တွင် မကြာခင်ကာလအတွင်း ဘဲအများအပြားသေဆုံးခဲ့ကြောင်းလူငယ်သတင်းစာကအင်္ဂါနေ့တွင် ရေးသားသည်။

ကောင်ရေ ၁၂၀၀ ကျော်ရှိ ဘဲအုပ်မှ ဘဲအကောင် ၄၀ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း သေဆုံးခဲ့သည်ဟု သတင်းစာက ပြည်နယ်ပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌ ဟူဟန်ကို ကိုးကား၍ ရေးသားသည်။ ကြက်၊ ငှက်တုပ်ကွေးရောဂါ ရှိ၊ မရှိ စမ်းသပ်လျက်ရှိသည်ဟု ဆိုသည်။ ဗီယက်နမ်တောင်ပိုင်း ဘော့ထရမ် ပြည်နယ်တွင်လည်း လွန်ခဲ့သည့်ရက်အတွင်းက ဘဲများထောင်ချီ၍ သေဆုံးခဲ့သည်ဟု သတင်းစာက ဆက်လက်ဖော်ပြသည်။

၂၀၀၆ခုနှစ် ဒီဇင်ဘာလ နောက်ပိုင်း ဗီယက်နမ်တောင်ပိုင်း ပြည်နယ်တစ်ခုဖြစ်သည့် ဘက်လီယူတွင် ကြက်၊ငှက်တုပ်ကွေးရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ပြီး ယင်းဒေသအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည်ဟု ကြေညာခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသည့်အက်ပယ်လ်ကုမ္ပဏီကုန်စည်ပြပွဲတွင် လူငယ်တစ်ဦး ဗီဒီယိုဂိမ်းပြခန်း၌ ကစားနေသည်ကို ဇန်နဝါရီ ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကြေးမုံ The Mirror နိုင်ငံခြားသတင်းများ

ငြိမ်းချမ်းရေးဆုလား၊ စွက်ဖက်ဆုပုံရေးဆုလား

ပေါက်စ

အခုတလော ရှင်းနေတာကို ရှုပ်အောင် ရတ်ရတ်ရတ်ရတ်နဲ့ လုပ်ချင်ကြတဲ့ အသံတွေကို မကြားချင်ပေမယ့် ကြားနေရတာကလည်း ဘဝဘဝကပါလာတဲ့ ဝဋ်တစ်မျိုးပါကလားလို့ ပေါက်စ ကိုယ့်ကိုယ်တောင် သနားချင်သလို ဖြစ်လာသဗျ။

အဖြစ်ကတော့ ဒီလိုပါခင်ဗျ။ ပေါက်စတို့နိုင်ငံမှာ နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေမယ့် အန္တရာယ်က ကြိုတင်ကာကွယ်တဲ့ ဥပဒေပုဒ်မ (၁၀)အရ တားဆီးထိန်းသိမ်းထားတဲ့ အမျိုးသမီးကို လွှတ်ပေးဖို့ဆိုပြီး တောင်းဆိုနေကြတဲ့အပြင် အချို့ အချို့သော နိုဘယ်လ်ဆုရှင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးများကလည်း မြန်မာနိုင်ငံကို လာရောက်ပြီး တောင်းဆိုဖို့အထိ အတင့်ရဲရဲနှင့် ခြေလှမ်းကျဲကျဲ စွက်ဖက်လာကြသဗျ။

အဲ...အကြောင်းပြချက်ကတော့ မြန်မာပြည်သူ ခုနစ်ရက်သားသမီးများအားလုံး သိတော် မူကြတဲ့အတိုင်း အပ်ကြောင်းထပ် ဓာတ်ပြားဟောင်းကြီးဖြစ်တဲ့ နိုဘယ်လ်ဆုရှင် အမျိုးသမီးကို တားမြစ်ကန့်သတ်ထားတာဟာ နိုင်ငံတကာငြိမ်းချမ်းရေးဆောင်ရွက်မှုကို ဟန့်တားနှောင့်ယှက်တာ ဖြစ်သလို မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုကို တားဆီးပိတ်ပင်ပြီး လူ့အခွင့်အရေး ဆုံးရှုံးမှုဖြစ်လို့ မြန်မာအစိုးရက ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရှင် အမျိုးသမီးကို အမြန်ဆုံး လွှတ်ပေးဖို့ ဖြစ်သတဲ့ခင်ဗျာ။

မသိရင်ခက်မယ်လို့ ပေါက်စနှုတ်က အလိုလိုမြည်တမ်း ရေရွတ်မိသဗျ။ ဘာလို့လဲဆိုတော့ **ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ်ဆုဟာ ကမ္ဘာကြီး ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့သူတွေကို ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ခဲ့တဲ့ ငြိမ်းချမ်းရေးဆုကြီး ဖြစ်တယ်ဗျ။ ပြောရမယ်ဆိုရင် စစ်အေးကာလမှာ ကမ္ဘာစစ်ကြီးမဖြစ်အောင် ကြိုးပမ်းတားဆီးခဲ့သူတွေသာ ရှိခဲ့သဗျာ။ ကမ္ဘာ့ကုလသမဂ္ဂအနေနဲ့ အဓိကနေရာမှာ ကြိုးပမ်းခဲ့တဲ့အတွက် အမှန်တကယ် ကမ္ဘာ့ငြိမ်းချမ်းရေးကို ကြိုးပမ်းခဲ့သူတွေပဲ ရရှိခဲ့ကြသလို နှစ်နိုင်ငံစစ်ဖြစ်နေတာကို ကြားကဝင်ရောက်ညှိနှိုင်းဖျန်ဖြေပေးပြီး ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ခဲ့ကြတဲ့ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်တွေဟာ နှစ်ကြိမ်တိုင်တိုင် ထိုက်ထိုက်တန်တန် ရရှိခဲ့ကြတယ်ဗျာ။ အဲဒီကာလ၊ အဲဒီအခြေအနေမှာ ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ်ဆုကြီးဟာ နိုင်ငံတကာက လေးစားမြတ်နိုးတန်ဖိုးထားခဲ့တဲ့ ဆုကြီးဖြစ်ခဲ့သဗျ။**

သို့သော်လည်းပေါ့ဗျာ။ စစ်အေးကာလကြီး ပြီးဆုံးသွားတဲ့ နောက်ပိုင်းကာလတွေမှာတော့ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရဲ့ လေးစားမြတ်နိုးဖွယ်ရာတန်ဖိုးတွေဟာ ကာလရွေ့လျောလာတာနဲ့အမျှ အနိစ္စသဘောနဲ့ ကိစ္စချောလာခဲ့သဗျ။ အနှစ်သာရအရလည်း ဘာကမျှမရှိခဲ့တော့ဘဲ နိုဘယ်လ်ဆုကို တီထွင်ခဲ့တဲ့ ဒေါက်တာအဲဖရက်ဘားနတ်နိုဘယ်လ် (Dr. Alfred Bernard Nobel) ရဲ့ မူရင်းသေတမ်းစာ (Will) ပါ မျှော်မှန်းချက်တွေနဲ့လည်း အရှေ့နဲ့ အနောက်၊ တောင်နဲ့မြောက်လို ဆန့်ကျင်ကွဲလွဲနေတယ်ဗျာ။ ဒေါက်တာအဲဖရက်သာ အသက်ထင်ရှား ရှိနေခဲ့ရင် ဘယ့်ကလောက် ခံစားရမယ်ဆိုတာ ပေါက်စ မတွေးဝံ့၊ မတွေးရဲဘူးခင်ဗျာ။

အဲ-အဲ ဒေါက်တာအဲဖရက်ဘားနတ်နိုဘယ်လ်ရဲ့ သေတမ်းစာမူရင်းပါကို ပေါက်စ ကောက်နုတ်ကူးယူဖော်ပြရရင် “One part to the person who shall have done the most or the best work for fraternity between nations for the abolition or reduction of standing armies and for the holding and promotion of peace congresses” လို့ ရေးထားသဗျ။ ဆိုလိုရင်း အဓိပ္ပာယ်ကတော့ **“ငြိမ်းချမ်းရေးဆုကို လက်ခံထိုက်တဲ့ပုဂ္ဂိုလ်ဟာ နိုင်ငံအချင်းချင်း တစ်ဦးနဲ့တစ်ဦးကြား ချစ်ခင်ရင်းနှီးအောင် ချစ်ကြည်ရေးဆောင်ရွက်နိုင်ခြင်း၊ လက်နက်ကိုင်တပ်ဖွဲ့များ ဖျက်သိမ်းခြင်းနှင့် လျှော့ချခြင်း လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခြင်း၊ ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းထားရှိပြီး ရရှိပြီးဖြစ်တဲ့ ငြိမ်းချမ်းရေးကို ပိုမိုတိုးတက်လာအောင် ငြိမ်းချမ်းရေးညီလာခံတွေ ခေါ်ယူကျင်းပနိုင်ရေးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်”**တဲ့ဗျာ။

ကဲ-ဘယ်လိုလဲခင်ဗျာ။ ပေါက်စတို့ မြန်မာနိုင်ငံက ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် အမျိုးသမီးရဲ့ အရည်အချင်းနဲ့ ငြိမ်းချမ်းရေး နိုဘယ်လ်ဆုရဲ့ ရည်မှန်းချက်၊ စံနှုန်းသတ်မှတ်ချက်တွေနဲ့ ဘယ့်ကလောက်ညီညွတ်ပြည့်စုံမှု ရှိ၊ မရှိဆိုတာ မုန့်တီဟင်းလို အကွင်းလိုက်ရှင်းရှင်းကြီး သိရမြင်ရပြီ မဟုတ်လားဗျာ။

အဲဒီအမျိုးသမီးဟာ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို နိုင်ငံတကာနယ်ချဲ့အုပ်စုရဲ့ ပယောဂအပူးအကပ်နဲ့ ရခဲ့တယ်ဆိုတာ မြန်မာပြည်သူခုနစ်ရက်သားသမီးများက သိထားကြတော့ အဲဒီ နိုဘယ်လ်ဆုဆိုတာကြီးဟာ ဘယ်လိုမှ အထင်ကြီးစရာ၊ လေးစားစရာ မရှိခဲ့ဘူးဗျာ။

နိုဘယ်လ်ဆုရှင် အမျိုးသမီးအနေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးရအောင် စွမ်းဆောင်ခဲ့တဲ့ မှတ်တမ်း မှတ်ရာ တစ်လုံးမျှ သီကုံးဖွဲ့နွဲ့စရာ မရှိခဲ့တဲ့အပြင် မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းနေတဲ့ အခြေအနေတွေကို ပျက်ပြားအောင် လှုံ့ဆော်ဖန်တီးလှုပ်ရှားခဲ့တဲ့ အနှောင့်အယှက်အဖျက်လုပ်ရပ် တွေကလည်း ပြောမကုန်အောင် တစ်ပုံတစ်ပင်ကြီး တွေ့ခဲ့ကြုံခဲ့ မြင်ခဲ့ရတယ်ဗျာ။

ပြောစရာတွေ အများအပြားရှိခဲ့ပေမယ့် ပေါက်စ နည်းနည်းပါးပါးသဘောလောက်ပဲ ထောက်ပြပါမယ်ခင်ဗျာ။ ၁၉၉၉ ခုနှစ်အတွင်းမှာ အမေရိကန်နဲ့အပေါင်းပါနေတိုးအုပ်စုက ယူဂိုဆလားဗီးယားပြည်တွင်းရေးကို စစ်ရေးအရ ဝင်ရောက်ကျူးကျော်စွက်ဖက်ပြီး ဗုံးတွေကြဲနေတာကို မြန်မာနိုင်ငံက ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် အမျိုးသမီးက “အခုကြည့်ပါလား၊ ယူဂိုဆလပ်မှာ စစ်ဗိုလ်ချုပ်ကြီးတွေက တွေ့ဆုံဆွေးနွေးရေးကို လက်မခံလို့ ဗုံးတွေကြဲချနေတာ၊ ယူဂိုဆလပ်ပြည်သူတွေကတော့ သေကြဦးပေါ့” လို့ ကျေနပ်အားရ ထောက်ခံတဲ့လေသံနဲ့ မာန်ပါပါ ပြောခဲ့ဆိုခဲ့သဗျ။ အဲဒီစကားရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကတော့ မြန်မာနိုင်ငံအစိုးရက သူနဲ့တွေ့ဆုံမဆွေးနွေးရင် မြန်မာနိုင်ငံလည်း ယူဂိုဆလပ်လို ဗုံးကြဲခံရမယ်လို့ နယ်ချဲ့အားကိုးနဲ့ ခြိမ်းခြောက်လိုက်တယ်ဆိုတာ မြန်မာပြည်သူ ခုနစ်ရက်သားသမီးများက နားလည်ပြီးသားဖြစ်သဗျ။

ရှိသေးသဗျ။ ၁၉၉၅ ခုနှစ်မှာ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်ဆိုသူ အမျိုးသမီးက ဘာတွေပြောခဲ့သလဲဆိုတော့ အစိုးရအနေနဲ့ သူနဲ့တွေ့ဆုံဆွေးနွေးမလား၊ လုံးဝဥသုံ့ပျက်စီးရေးကို ရွေးမလားဆိုပြီး ခြိမ်းခြောက်စိန်ခေါ်တဲ့အပြင် နိုင်ငံတော်ရဲ့ညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်တဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်ဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်အောင် ကျင်းပနေတဲ့ အမျိုးသားညီလာခံပျက်စီးရေးကိုလည်း လုပ်ခဲ့ကိုင်ခဲ့သဗျ။ နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်ဆိုသူ အမျိုးသမီးဟာ ညီလာခံတက်ရောက်နေတဲ့ သူ့ရဲ့ NLD ပါတီကိုယ်စားလှယ်တွေကို ဝီစီမှုတ်ပြီး ခေါ်ထုတ်ခဲ့သဗျ။ အမျိုးသားညီလာခံ ပျက်စီးရာပျက်စီးကြောင်း ပုတ်ခတ်လှုံ့ဆော်ခဲ့သဗျ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖြိုခွဲတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ မဲသရောထကြေညာချက်ကိုလည်း အားပါးတရ ထောက်ခံခဲ့သဗျ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးရယူမှုကိုလည်း ပြက်ရယ်ပြုခဲ့ပါသဗျ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးရယူမှုကို ပျက်ပြားစေရန် သပ်လျှိုသွေးခွဲခဲ့သေးသဗျ။ ဒါတွင်မကဘဲ နိုင်ငံတကာက မြန်မာနိုင်ငံကို အကူအညီ၊ အထောက်အပံ့၊ အချေးအငှား၊ ရောင်းဝယ်ဆက်သွယ်မှု၊ ဝင်ထွက်သွားလာမှုမပြုကြဖို့ ပိတ်ပင်ဟန့်တား ကန့်ကွက်နှောင့်ယှက်ခဲ့တယ်ဗျာ။

အဲ...စကားလမ်းကြုံလို့ပြောရရင် နိုဘယ်လ်ဆုရှင် NLD ပါတီခေါင်းဆောင်က ပါတီတွင်းဆွေးနွေးပွဲတစ်ခုမှာ ဘယ်လိုပြောခဲ့ဖူးသလဲဆိုတော့ အမေရိကန်အစိုးရအနေနဲ့ ဂျပန်နိုင်ငံမှာ ဒီမိုကရေစီဖြစ်ထွန်းအောင် ဒုတိယကမ္ဘာစစ်အတွင်းက ဟီရိုရှီးမားမြို့နဲ့ နာဂါဆကီမြို့တွေကို အဏုမြူဗုံးကြဲခဲ့တာဖြစ်လို့ ကျေးဇူးတင်ဖို့ကောင်းတယ်ဆိုပြီး ပြောဆိုခဲ့သဗျ။ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ စစ်လက်နက်တွေဖျက်သိမ်းရေးကို အစဉ်တစိုက်တောင်းဆိုနေတဲ့ ကမ္ဘာ့ပြည်သူတွေရဲ့ဆန္ဒနဲ့ မြန်မာနိုင်ငံက ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်ဆိုသူ NLD ပါတီခေါင်းဆောင် အမျိုးသမီးရဲ့သဘောထားဟာ ရွှေဖလားနဲ့အုန်းမှုတ်ခွက်လို ဆက်စပ်နှိုင်းယှဉ်လို့ မရအောင် အခြားအနားကြီး ခြားနားနေသဗျ။

အခုလိုတွေ နိုဘယ်လ်ဆုရှင် NLD ပါတီခေါင်းဆောင် အမျိုးသမီးဟာ သူရထားတဲ့ဘွဲ့နဲ့ သူနဲ့သိပ်ပြီး ကီးမကိုက် မလိုက်ဖက်ဘူးဆိုတာ သိတော့ သူ့လိပ်ပြာသူမလုံဘဲ မရဲတရဲ ဖွင့်ဟဝန်ခံတဲ့စကားကိုလည်း အိုးနင်းခွက်နင်းနဲ့ ပြောခဲ့ဆိုခဲ့တာကတော့ “နိုဘယ်လ်ငြိမ်းချမ်း ရေးဆု၊ ဒီဆုတွေကိုပြန်ပြီး စိစစ်လိုက်လို့ရှိရင် ကျွန်မကို ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ပေးတာမဟုတ်ပါဘူး။ ကျွန်မတို့ မြန်မာနိုင်ငံက ဒီမိုကရေစီလှုပ်ရှားမှုကို စာနာတယ်၊ ထောက်ထားတယ်၊ အားပေးတယ်ဆိုတာပြချင်လို့ ပေးတာဖြစ်ပါတယ်။ အဲဒီဟာကို ကျွန်မကိုပေးတာပါ ဆိုပြီးတော့ ထင်ရင်အများကြီးမှားသွားမယ်” တဲ့ ခင်ဗျာ။

အဲသလိုမျိုး ဖြောင်လိမ်ဖြောင်စား မလိမ့်တပတ်နဲ့ နှစ်ပေါက်တစ်ပေါက်ရိုက်တဲ့နေရာမှာ ပါရဂူမြောက်တယ်လို့ ဆိုရမှာပေါ့ခင်ဗျာ။ နိုဘယ်လ်ဆုကော်မတီဥက္ကဋ္ဌ ဖရန်စစ်စီဂျာစတက် (Francis Sejersted)က နိုဘယ်လ်ဆုပေးတာနဲ့ပတ်သက်ပြီး ပုဂ္ဂိုလ်အရ ဆုပေးတာဖြစ်တယ်လို့ ကြေညာပေးခဲ့တာ လူသိထင်ရှား မဟုတ်လားဗျာ။ မသိတဲ့သူတွေအနေနဲ့ ဟုတ်နိုးနိုးထင်အောင် လုပ်လိုက်တာဖြစ်သဗျ။ ဒါကြောင့် တစ်ခုတော့ မေးချင်တယ်ဗျာ။ အဲသလို ပုဂ္ဂိုလ်အရ ပေးတာမဟုတ်ဘူးဆိုရင် ဘာလို့များ အမည်ရှေ့က နိုဘယ်လ်ဆုရှင်ဆိုပြီး နာမည်ကြီးအောင် ပြူးပြူးပြဲပြဲ ရေးနေ ပြောနေရသလဲ ခင်ဗျာ။

ကဲ-ထားလိုက်ပါတော့ဗျာ။ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် NLD ပါတီခေါင်းဆောင် အမျိုးသမီးအနေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်လည်း ဘာကိုမျှမလုပ်ခဲ့သလို မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာလည်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ ပြည်သူတွေရဲ့ စားဝတ်နေရေးကျပ်တည်းပြီး ဆူပူအုံကြွမှုတွေ ဖြစ်လာအောင်၊ တိုင်းရင်းသားအချင်းချင်း သံသယဝင်အထင်လွဲမှားပြီး စည်းလုံးညီညွတ်မှုပျက်ပြားအောင်၊ ပြည်ပအားကိုးနဲ့ မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတို့ရဲ့ အကျိုးစီးပွားကိုပျက်စီးအောင်တစ်လျှောက်လုံးလုပ်ကိုင်လာခဲ့တာမို့ ရှင်းရှင်းပြောရရင် မြန်မာနိုင်ငံအတွက် အမျိုးသားအန္တရာယ်ပဲဖြစ်သဗျ။

ပြောမယ်ဆိုရင် အဲဒီအမျိုးသမီးဟာ ကမ္ဘာ့ငြိမ်းချမ်းရေး အကျိုးစီးပွားအတွက်လည်းမလုပ်တဲ့အပြင် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းမှန်သမျှကို ပိတ်ပင်ဟန့်တားနှောင့်ယှက်ဖျက်ဆီးပြီး မြန်မာနိုင်ငံကို လက်ဝေခံသြဇာခံ ကျွန်လက်သစ်နိုင်ငံဖြစ်ဖို့အတွက် နယ်ချဲ့အုပ်စုအလိုကျ ပြောရဆိုရ လုပ်ရ ကိုင်ရသူ တစ်ဦးပဲဖြစ်သဗျ။ ဘာလို့လဲဆိုတော့ သူလုပ်သမျှကိုင်သမျှ ပြောသမျှဆိုသမျှကို နယ်ချဲ့အုပ်စုက ထောက်ခံပြီး မြန်မာနိုင်ငံမှာ အဲဒီအမျိုးသမီးက ရတ်ရတ်ရတ်ရတ်လုပ်တိုင်း နယ်ချဲ့အုပ်စုရဲ့ အဆောင်လက်ဖွဲ့ဖြစ်တဲ့ ဘွဲ့တစ်ခုခု၊ ဆုတစ်ခုခုကို အချိန်နဲ့တစ်ပြေးညီ ချီးမြှင့်ပေးအပ်ခဲ့တာ ဆုပေါင်း ၈၀ ကျော်တောင် ရှိနေတယ်ဗျာ။

စဉ်းစားကြည့်ကြပါဗျာ။ ကမ္ဘာမှာ နိုင်ငံတကာပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် အမှန်တကယ် စွမ်းဆောင်ခဲ့တဲ့ ကမ္ဘာ့နိုင်ငံရေး ခေါင်းဆောင်ကြီးတွေ၊ သိပ္ပံပညာရှင်ကြီးတွေ၊ စာပေအနုပညာရှင်ကြီးတွေတောင် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင်ဆိုသူ NLD ပါတီခေါင်းဆောင် အမျိုးသမီးလောက် ဘွဲ့ထူးဂုဏ်ထူးတွေ ဆုတွေ မရသေးပါဘူးခင်ဗျာ။ အဲသလို ဘွဲ့တွေ ဆုတွေ တထောကြီးရနေတဲ့ NLD ပါတီခေါင်းဆောင် အမျိုးသမီးကို ဘွဲ့ထူးတွေ ဆုတွေပေးအပ်ချီးမြှင့်နေတာဟာ ပေါက်စနားလည်သလို ပြောရရင် နယ်ချဲ့အုပ်စုရဲ့ ထောက်ပံ့ကြေးလို့ပဲ ပြောရမယ်ခင်ဗျ။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

အဲဒီအမျိုးသမီးဟာ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို နိုင်ငံတကာနယ်ချဲ့အုပ်စုရဲ့ ပယောဂအပူးအကပ်နဲ့ ရခဲ့တယ်ဆိုတာ မြန်မာပြည်သူခုနစ်ရက်သားသမီးများက သိထားကြတော့ အဲဒီ နိုဘယ်လ်ဆုဆိုတာကြီးဟာ ဘယ်လိုမှ အထင်ကြီးစရာ၊ လေးစားစရာ မရှိခဲ့ဘူးဗျာ။

နိုဘယ်လ်ဆုရှင် အမျိုးသမီးအနေနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးရအောင် စွမ်းဆောင်ခဲ့တဲ့ မှတ်တမ်း မှတ်ရာ တစ်လုံးမျှ သီကုံးဖွဲ့နွဲ့စရာ မရှိခဲ့တဲ့အပြင် မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းနေတဲ့ အခြေအနေတွေကို ပျက်ပြားအောင် လှုံ့ဆော်ဖန်တီးလှုပ်ရှားခဲ့တဲ့ အနှောင့်အယှက်အဖျက်လုပ်ရပ် တွေကလည်း ပြောမကုန်အောင် တစ်ပုံတစ်ပင်ကြီး တွေ့ခဲ့ကြုံခဲ့ မြင်ခဲ့ရတယ်ဗျာ။

သာကေတမြို့နယ် စက်ရေတွင်းဖွင့်ပွဲနှင့် အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် သာကေတမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းတို့က ကြီးကြပ်ကာ သာကေတမြို့နယ် စက်ရေတွင်းဖွင့်ပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် အမှတ်(၇) အရှေ့ရပ်ကွက်ရှိ အဆိုပါ စက်ရေတွင်းတည်ရှိရာ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ခရိုင်နှင့် မြို့နယ် အတွင်းရေးမှူးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ-ကော်မတီဝင်များ၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာ ထွန်းသန်းထွန်း တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန်က အဖွင့် အမှာစကားပြောကြား၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ ၅၃၁ စောင်ကို လက်ခံရယူသည်။ ယင်းနောက် ရပ်ကွက်ပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ စက်ရေတွင်း တူးဖော်ဆောင်ရွက်နိုင်သဖြင့် သာကေတမြို့နယ် အမှတ်(၇)အရှေ့ ရပ်ကွက်၊ အမှတ် (၈)ရပ်ကွက်၊ အမှတ် (၁၀)ရပ်ကွက် (တောင်ပိုင်းနှင့် မြောက်ပိုင်း) စုစုပေါင်း ရပ်ကွက် လေးရပ်ကွက်တို့သို့ သောက်သုံးရေဖူလုံစွာဖြင့် ပိုမိုတိုးချဲ့ဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(၁၉)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်း တာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း သာကေတမြို့နယ် အမှတ်(၇)အရှေ့ရပ်ကွက် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(၁၉)

ဆူးလေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဓမ္မပူဇာသဘင်တရားပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

(၉၅)ကြိမ်မြောက် ဆူးလေစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း ဓမ္မ ပူဇာသဘင်တရားပွဲများကို ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်း ဟိုတယ်နှင့် ခရီးသွားလာရေးရုံးရှေ့တွင် ည ၇ နာရီ၌ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၆ ရက်တွင် အဂ္ဂမဟာပဏ္ဍိတ ဒီဃနိကာယကောဝိဒ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတပါဠိကာရီ ဆရာတော် ဘဒ္ဒန္တ အင်္ဂီသ၊ ဇန်နဝါရီ ၁၇ ရက်တွင် မဟာစည် နယ်လှည့်ဓမ္မကထိက တွံတေးအရှင်ဣန္ဒက၊ ဇန်နဝါရီ ၁၈ ရက်တွင် ဆင်ဖြူတောင် ဆရာတော် (ဓမ္မာစရိယ)ဘဒ္ဒန္တ ဂုဏိန္ဒ၊ ဇန်နဝါရီ ၁၉ ရက်တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ၊ ဇန်နဝါရီ ၂၀ ရက်တွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အောင်စကြာဆရာတော် ဘဒ္ဒန္တ စန္ဒသူရိယတို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည် ဖြစ်ကြောင်းသိရသည်။

(က-ပ)

ဝင်းစိန်တောရ ဆရာတော် ဝိဇာတမင်္ဂလာ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာရှိ အတောင် (၄၀၀)ပြည့် လျောင်းတော်မူ ရုပ်ပွားတော်ကြီး ဦးစီးနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရ ဝင်းစိန်တောရ ကျောက်တစ်လုံး ရတနာတောင်ဆရာတော်၏ သက်တော် (၈၆)နှစ်မြောက် ဝိဇာတ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ယင်းကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရ ဝင်းစိန်တောရ ကျောက်တစ်လုံး ရတနာတောင်ဆရာတော်ထံမှ ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်၊ သီလရှင်များအား အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝင်းစိန်တောရ ဆရာတော်က ပင့်သံဃာတော်အပါး ၁၅၀၀ တို့အား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မော်လမြိုင်နှင့် မုဒုံမြို့များရှိ ဘုန်းတော်ကြီး စာသင်တိုက်များသို့ ဆန်အိတ် ၈၇၀ ခွဲဝေလှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇန်နဝါရီ ၆ရက်က ဗိုလ်တထောင်မြို့နယ် အထက (၅)တွင် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစိန်မြင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ ဒသမဆုရ မောင်ကောင်းမြတ်လူအား ရွှေဆွဲပြားဆုချီးမြှင့်စဉ်။

(ပညာရေး)

ထူးခြားသည့် ညအပူချိန်များ

(၁၂-၁-၂၀၀၇)

ဟားခါး	၀ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်နှင့်ဟဲဟိုး	၂ ဒီဂရီစင်တီဂရိတ်
ရန်ကုန်	၁၅ ဒီဂရီစင်တီဂရိတ်

✧ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ဘာပဲပြောပြောပေါ့ဗျာ၊ အခုတလော ပြည်ပက နိုဘယ်လ်ဆုရှင်ဆိုသူ အချို့က မြန်မာနိုင်ငံမှ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်ဆိုသူ NLD ပါတီ ခေါင်းဆောင်အမျိုးသမီးကို မြန်မာနိုင်ငံ အစိုးရအနေနဲ့ လွှတ်ပေးဖို့ဆိုပြီး မြန်မာနိုင်ငံရဲ့ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက် ခြေရှုပ်နေကြသဗျ၊ တစ်နည်းပြောရရင်လည်း ဂိုဏ်းတူလိုင်းတူ ဆရာတူ အုပ်စုရဲ့ အူကြောင်ကျားအသံပဲဖြစ်လို့ မလွမ်းလောက်ပါဘူး ခင်ဗျာ။

သို့သော်လည်းပေါ့ဗျာ။ ပေါက်စ နားလည်ထားတာကတော့ **နိုဘယ်လ်ဆုတီထွင်ခဲ့သူ ဒေါက်တာ အဲလ်ဖရက်နိုဘယ်လ်က နိုင်ငံတကာ ငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွန်မြတ်တဲ့ရည်ရွယ်ချက်နဲ့ နိုဘယ်လ်ဆုပေးဖို့ သေတမ်းစာနဲ့ အတိအလင်းချမှတ်ခဲ့တာဖြစ်ပေမယ့် အချို့အချို့သော နိုဘယ်လ်ဆုရှင် တွေကတော့ နိုင်ငံတကာပြည်တွင်းရေးတွေမှာ နယ်ချဲ့အလိုကျ ဝင်ရောက်စွက်ဖက်ဆူပူရေးနဲ့ နိုင်ငံတကာ ပြည်တွင်းရေးတွေကို မငြိမ်မသက်ဖြစ်အောင် နိုဘယ်လ်ဆုဆိုတဲ့ အမောက်ကြီးတထောင်ထောင်နဲ့ ပြောင်ပြောင်တင်းတင်း လုပ်ကိုင်နေကြသဗျ။**

ပေါက်စ အနားသပ်ပြီး စကားဖြတ်ရရင် မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး ပြဿနာဖြစ်တဲ့ NLD ပါတီခေါင်းဆောင်အမျိုးသမီးကို ကန့်သတ်တားဆီးထားတာဟာ နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အနှောင့်အယှက်အဟန့်အတားကင်းကင်းနဲ့ တိုင်းရင်းသားပြည်သူအားလုံး ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွ၊ အေးအေးချမ်းချမ်း ဆောင်ရွက်နိုင်ဖို့ အခြေအနေနဲ့ အချိန်ကာလအရ မလွှဲသာမရှောင်သာ လုပ်ရတာပဲဖြစ်ပါတယ်ဗျာ။ အဲသလိုအကြောင်းရင်းမြစ်အမှန်နဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးအခြေခံပြဿနာကို လေ့လာရမှန်းမသိဘဲ မြန်မာနိုင်ငံက နိုဘယ်လ်ဆုရှင်ဆိုသူ NLD ပါတီခေါင်းဆောင် အမျိုးသမီးကို လွှတ်ပေးပါဆိုပြီး ရတ်ရတ်ရတ်ရတ်လုပ်နေသူ နိုဘယ်လ်ဆုရှင်တွေအနေနဲ့ ကိုယ်ရထားတဲ့ဆုဟာ **"ငြိမ်းချမ်းရေးဆုလား၊ ဝင်ရောက်စွက်ဖက်ဆူပူရေးဆုလား"**ဆိုတာကို ကွဲကွဲပြားပြား၊ ခြားခြားနားနား ခံစားနားလည်ကြပါရဲ့လားလို့ ပေါက်စ စလောင်းမတပ်ဘဲ မောင်းခတ်ကြေညာပြီး မေးလိုက်ပါတယ်ခင်ဗျာ။ ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေးရန် ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းတွင် တန့်ယန်း၊ မန်မန်ဆိုင်မှ တစ်ဆင့် တာကော်အက်-မိုင်းပတ်-ပန်ဆန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပန်ကော်ကျေးရွာအနီး မိုးရာသီကာလ လမ်းပျက်စီးမှုများ ပြန်လည် ပြုပြင်နေမှု အခြေအနေကို စစ်ဆေး၍ လမ်းအရည်အသွေး ပြည့်မီရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းတွင် ဝိန်းကောင် မြို့တွင်းလမ်း ကတ္တရာခင်းမှုအခြေအနေ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောက်လုပ်ထားသော ဝိန်းကောင် ဘုန်းတော်ကြီးကျောင်း ဆွမ်းစားဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် မိုင်းပတ်-ပန်ဆန်းလမ်း ကတ္တရာခင်းခြင်း (နမ့်မလင်းဆူလမ်းပိုင်း) လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ပန်ဆန်းမြို့သို့ ရောက်ရှိပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ဖွင့်လှစ်မည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သင်တန်းကျောင်းမြေနေရာနှင့် နယ်လှည့်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ပန်ဆန်း) တည်ဆောက်ရေး လုပ်ငန်းများကို လိုက်လံစစ်ဆေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် မုံးအာ တံတားတည်ဆောက်နေမှု အခြေအနေ၊ ပန်ဆန်း ဘုန်းတော်ကြီးကျောင်း တည်ဆောက်ပြီးစီးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး နားလော့၌ ယာယီဖွင့်လှစ်ထားသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု သင်တန်းကျောင်းသို့ရောက်ရှိရာ ယာယီသင်တန်းကျောင်း၌နည်းပြများ၊ သင်တန်းသားများနှင့် တွေ့ဆုံ၍ ဘာသာရပ်သင်ကြားလေ့လာနေမှု အခြေအနေ၊ သင်ကြားမှုဆိုင်ရာ အခက်အခဲများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် မိုင်းပတ်-ပန်ဆန်း ကားလမ်းကတ္တရာခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေး၍ နမ့်မလင်းဆူ ကျောက်မိုင်းသို့ ရောက်ရှိခဲ့ပြီး လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ ကျောက်ထုတ်လုပ်မှု အလျင်မီရေးကိစ္စရပ်များကို မှာကြားသည်။

ညနေပိုင်းတွင် ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်များသည် ပန်ဆန်း-တာကော်အက်လမ်းကြောင်း တစ်လျှောက်ရှိ နမ့်ဖရေးကျေးရွာ၊ တလားကျေးရွာ၊ နောင်ခစ်ကျေးရွာ၊ မန်မန်ဆိုင်ကျေးရွာ၊ ပန်ကျုံကျေးရွာ၊ ငှက်ကာကျေးရွာ၊ ပန်ဖိန်းကျေးရွာနှင့် မန်ပန်ကျေးရွာတို့ရှိ နယ်စပ်ဒေသ မူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများအတွက် စာရေးကိရိယာ၊ ဝတ်စုံ၊ ခရီးစရိတ်နှင့် စားသောက်ဖွယ် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း ဒဂုံမြို့သစ် (တောင်ပိုင်း)၌ ဇန်နဝါရီ ၆ ရက်က ကျင်းပသော ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဘက်စုံထူးချွန်ဆုနှင့် အားကစားဆုပေးပွဲ အခမ်းအနားတွင် မြို့နယ်ထူးချွန်ဆုနှင့် ကျောင်းတွင်း ဘက်စုံထူးချွန် ပထမဆုရ မဆုမြင့်မြတ်ထက်အား ကျောင်းအုပ်ဆရာကြီး ဦးလှထွန်း ဆုချီးမြှင့်စဉ်။

(က-ပ)

❖ **ရှေ့ဖုံးမှ**

စံချိန်စံညွှန်းပြည့်မီရေး၊ အရည်အသွေးဂရုစိုက်ရေးနှင့် အချိန်မီပြီးစီးရေးတို့ကို မှာကြားသည်။

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ၆၀မဂ္ဂါဝပ် တပ်ဆင်ထုတ်လုပ်ပေးမည့် ရေအားလျှပ်စစ်စီမံကိန်းဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ရွှေကျင်မြို့ အရှေ့မြောက်ဘက် (၆)မိုင်ခန့်အကွာ ကျောက်နဂါးရွာအနီး ရွှေကျင်ချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးအား စီမံကိန်းညွှန်ကြားရေးမှူး ဦးဝမ်ကြည်က တမံမြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ စီမံကိန်းတစ်ခုလုံး၏ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်ရန် လျာထားချက်တို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဖြည့်စွက်တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရေလွှဲမြောင်းမှ မြစ်ရေလွှဲထားသည့် ရေများ စီးဆင်းမှုအခြေအနေ၊ စက်ယန္တရားများဖြင့် တမံအောက်ခြေ ရှင်းလင်းတူးဖော်ခြင်းနှင့် တမံမြေသားဖို့ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ရေလွှဲရေထုတ်ပြွန်အထွက်မှ ရေလွှဲထုတ်နေခြင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ၁၈ ဒသမ ၇၅ မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက်လေးလုံး စုစုပေါင်းတပ်ဆင်အင်အား ၇၅မဂ္ဂါဝပ် တပ်ဆင်ထုတ်လုပ်ပေးမည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

ဝန်ကြီးသည် စီမံကိန်းများသို့ လှည့်လည်ကြည့်ရှု စစ်ဆေးရာ၌ စီမံကိန်းများကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းသုံးယာဉ်နှင့် ယန္တရားများကို စနစ်တကျကိုင်တွယ်မောင်းနှင်ထိန်းသိမ်းရေး၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ကိုင်ရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၇ခုနှစ် မောင်မြန်မာ၊ မယ်မြန်မာပြိုင်ပွဲကို ဇန်နဝါရီ ၂၇ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သက်ဆိုင်ရာက ယမန်နေ့က ထုတ်ပြန်ကြေညာသည်။

ပြိုင်ပွဲတွင် မောင်မြန်မာ(အကြီးတန်း)၊မောင်မြန်မာ(အငယ်တန်း)နှင့် မယ်မြန်မာ(အလွတ်တန်း)ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ မောင်မြန်မာ (အကြီးတန်း)ပြိုင်ပွဲအတွက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး မောင်မြန်မာ (အငယ်တန်း)ပြိုင်ပွဲအတွက် အဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သော မောင်မြန်မာ (အကြီးတန်း)ပြိုင်ပွဲများ၊ အိုလံပစ်နေ့အထိမ်းအမှတ် အကြီးတန်းမောင်ပြိုင်ပွဲများ၊ (ကြည်း၊ရေ၊လေ) မောင်အကြီးတန်းတံခွန်စိုက်ပြိုင်ပွဲများ၌ ပထမ၊ ဒုတိယနှင့် တတိယရရှိပြီးသူများ၊ မောင်မြန်မာ(အငယ်တန်း)ပြိုင်ပွဲ၌ ပထမ ရရှိဖူးသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုပါ။

မယ်မြန်မာ(အလွတ်တန်း)ပြိုင်ပွဲအတွက် အရပ်ငါးပေ၊ သုံးလက်မနှင့် အထက်ရှိပြီး အသက် ၁၆ နှစ်မှ ၃၀ နှစ်အတွင်း အိမ်ထောင်မရှိသူ(အပျို) မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်လိုသူများသည် ဇန်နဝါရီ ၂၂ရက်နောက်ဆုံးထား၍ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်သန်း (ဌာနမှူး၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)နှင့် တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြည် (စခန်းတာဝန်ခံ၊ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့တော်စည်ပင်အားကစားစခန်း)ထံသို့ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၀၆-၂၀၀၇ ခုနှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ရက်က ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကျပ် ၁၂ သိန်းတန် ကွန်ပျူတာတစ်စုံကို CEO Mr. REIJO (Sweden) ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းနိုင်နှင့် ဒါရိုက်တာ ဒေါ်အေးအေးသိန်းတို့က မြို့နယ်ပညာရေးမှူး ဒေါ်စန်းနုထံ ပေးအပ်လှူဒါန်းစဉ်။ (ပညာရေး)

စမ်းချောင်းမြို့နယ် ပြည်လမ်းနေ မခင်မြင့်မိုရ်လင်း၏ (၃)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင်နှင့် တိုးချဲ့ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က-ပ)

The Commerce Journal
အတွဲ(၇) အမှတ်(၁) ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၂

The Commerce Journal အတွဲ(၇) အမှတ်(၁)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ ဂျာနယ်တွင် နန်နင်းတွင် မြန်မာ့စီးပွားရေး ကိုယ်စားလှယ်ရုံး တည်ဆောက်မည်။ ထန်းဆီကို ဘိုင်အိုဒီဇယ်ထုတ်လုပ်ရန် စီစဉ်၊ ၂၀၀၆ခုနှစ် အာဆီယံ စီးပွားရေး လှုပ်ရှားမှုများ၊ ၂၀၀၆ခုနှစ် WTO အဖွဲ့ လှုပ်ရှားမှုများ၊ မြဝတီရုပ်မြင်သံကြားမှ ကုန်သွယ်သုတအစီအစဉ် ထုတ်လွှင့်မည်၊ မန္တလေး လျှပ်စစ်ပစ္စည်းဈေးကွက်၊ သရက်ပြားခြောက် ထုတ်လုပ်တင်ပို့ရောင်းချမှု၊ ဖရဲသီးအကြောင်း တစေ့တစောင်း၊ တောင်ကြီး ပန်းနှမ်းဈေးကွက် သတင်း၊ (၁၆)နိုင်ငံ ဖိလစ်ပိုင်နိုင်ငံ ထိပ်သီးအစည်းအဝေး ဇန်နဝါရီလအတွင်း ကျင်းပရန်ရှိ၊ ကမ္ဘာ့ကြေးနီဈေးနှုန်း ကျဆင်း စသော သတင်းများ ပါဝင်သည်။

အထူးဆောင်းပါးများအဖြစ် မောင်စူးစမ်း၏ ပညာသံခိပ်နှင့်မျိုးဗီဇ၊ ဦးဟန်ထွန်း၏ တရုတ်စီးပွားရေးဂိတ်ဆုံး၊ ကြည့်ရှုန်း၏ ချမ်းသာနည်း(၁၀၀)၊ ဒေါက်တာ ခင်မောင်ညို၏ အပြည့်အဝလူသား ပါရာဒိုင်း၊ ကြည်မင်း၏ မထွန်းကားသူတို့ ကျင့်စဉ်ခုနစ်ပါး၊ ကျွန်းသားငမန်း၏ ရခိုင်ပြည်နယ်ကားလမ်းများ၊ သိန်းမြသိန်း၏ ၂၀၀၇ခုနှစ် အရှေ့အာရှ စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်တို့ပါဝင်ပြီး ပို့ကုန်၊ သွင်းကုန်ခွင့်ပြုခဲ့သော ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ၊ ပြည်တွင်း ပြည်ပ ကုန်စည်ဈေးနှုန်းများ၊ အခြေခံဈေးနှုန်း ညှိနှိုင်းသတ်မှတ်ရေးအဖွဲ့မှ အတည်ပြု သတ်မှတ်သော သွင်းကုန်များ၏ ဈေးနှုန်းများဖြင့် စာမျက်နှာ တိုးချဲ့ထုတ်ဝေကာ တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၁-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ ဆရာတော်ဦးဃောသိတ တရားတော် -**တောဝိဇ္ဇာသုတ်**
- ၉:၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၉:၁၆ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း "သမုဒ္ဒရာနှင့်တူသောအချစ်" အကယ်ဒမီဒွေး၊ အကယ်ဒမီနန္ဒာလှိုင်**
- ၁:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၄:၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၅:၃၅ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၇။ နိုင်ငံတကာသတင်း
- ၆:၂၀ ၈။ မိုးလေဝသသတင်း
- ၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၀ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၉)**
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၆။ **ENGLISH PREMIER LEAGUE ဘောလုံးပွဲ -Manchester United Vs Aston Villa (Live)**
- ၁၇။ သင့်အတွက်မနက်ဖြန်
- ၁၈။ အပိတ်နှုတ်ဆက်စကား
- ၁၉။ ပြီးပါပြီ။

ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Essar Exploration & Production Myanmar Ltd သည် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ်(A-2)တွင် 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV NORDIC EXPLORER ဖြင့် ဇန်နဝါရီ ၁၅ရက်မှ မတ် ၁၅ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

3D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့်ဧရိယာအကျယ်အဝန်းမှာ Point A မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၄ မိနစ် ၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၂ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၆ မိနစ် ၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၆ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃ မိနစ် ၃၀ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၃ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၄ မိနစ် ၄၅ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၈ မိနစ် ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၀၁ မိနစ် ၃၀ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၄ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၂၄ မိနစ် ၂၀ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၅ မိနစ် ၃၀ စက္ကန့်၊Point H မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၄ မိနစ် ၀၀ စက္ကန့်တို့အတွင်း၌ဖြစ်သည်။

သို့ပါ၍ 3D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV NORDIC EXPLORER ဖြင့်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာအတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနကအသိပေးကြေညာထားသည်။(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁-၂၀၀၇ (စနေနေ့)

- ၇:၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ **ဘုရားရိပ်တရားရိပ် တရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိသရ)**
- ၈:၁၀ တစ်ပတ်အတွင်း အားကစားသတင်း
- ၈:၂၅ တေးဂီတအစီအစဉ်
- ၈:၃၀ မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်းယွန်းပညာ
- ၈:၄၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၀ "အဆင်းရောအချင်းပါ ပြည့်စုံတဲ့ မြစ်မင်း ဧရာဝတီကို စုန်ဆင်းခြင်း ခရီးတစ်ခေါက်"
- ၉:၅၀ တေးဂီတအစီအစဉ်
- ၉:၅၅ ကလေးတို့အတွက် လက်ဆောင် (ပိုက်ဆံအိတ် ခေါက်နည်းနှစ်မျိုး)
- ၁၀:၁၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၁၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၂၀ ဆီချို၊သွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ(အပိုင်း-၂) (ဒေါက်တာတင့်ဆွေလတ်)
- ၁၀:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ အနုပညာရပ်ဝန်းမှ ပွဲတင်သံများ အလောင်းမင်းတရားကြီး ဘဝဇာတ်ကြောင်း (Cartoon Animation ပြုလုပ်နေသည့် 4Dimension Group နှင့် တွေ့ဆုံခြင်း)
- ၁၁:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၂၅ လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ
- ၁၁:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၀ နိုင်ငံတကာအနုပညာရေးရာ
- ၁၂:၂၀ တေးဂီတအစီအစဉ်
- ၁၂:၂၅ တစ်ကွင်းတစ်စပ် မြစ်ရေတင်လုပ်ငန်းများ
- ၁၂:၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၄၀ တေးဂီတအစီအစဉ်
- ၁၂:၄၅ ယနေ့သိပ္ပံနှင့် နည်းပညာ
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၀၀	ပွဲကြိုသုံးသပ်ချက်(၁)	5-Sports
၆:၃၀	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports (Live)
၇:၁၀	Watfortd-Liverpool	5-Sports (Live)
၉:၂၅	Chelsea-Wigan	5-Sports (Live)
	Man Utd-Aston Villa	5-Series (Live)
	Bolton-Man City	5-Cartoon(Live)
၁၁:၄၀	Blackburn-Arsenal	5-Series (Live)
၁၂:၀၀	Westham-Fulham	5-Sports (SDD)

✱ ကျောဖုံးမှ

ဆက်လက်၍ ဝမ်အင်းစံပြကျေးရွာ စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်ခြင်း၊ စာအုပ်နှင့် ငွေပဒေသာပင်များ လှူဒါန်းပွဲကို ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဝမ်အင်းကျေးရွာရပ်မိရပ်ဖ ဦးလုံးမှူးက ပင်လုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စာကြည့်တိုက်အတွက် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက စာအုပ်စာတမ်းများ လှူဒါန်းခြင်း၊ ရပ်မိရပ်ဖများက စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ်သုံးသောင်း လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ကျေးဇူးတင်စကား ပြောကြားသည်။

ဝမ်အင်းနှင့် ဝမ်လုံစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသည် ကျေးရွာ ပြည်သူများစုပေါင်းဆောက်လုပ်ထားခြင်းဖြစ်ပြီး ငွေကျပ် ၁၀ သိန်းကျော်ကုန်ကျကာ စာအုပ်စာတမ်း ၄၁၀ ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ဝမ်အင်းကျေးရွာ ဆေးခန်း၌ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုဖြင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကလေးငယ်များအား ပေါင်ချိန်ခြင်း၊ ကိုယ်ဝန်ဆောင်များ ဆေးစစ်ခြင်း၊ ကုသခြင်းများကို ဆောင်ရွက်ပေးကြသည်။ ထို့အတူ လွိုင်လင်ခရိုင် ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးမှ အထွေထွေရောဂါကု သမားတော်ကြီး ဒေါက်တာဒေါ်အေးအေးမူ ခေါင်းဆောင်လျက် ကလေးရောဂါအထူးကု၊ အရိုးအကြောအထူးကု၊ အဆုတ်နှင့် တီဘီရောဂါအထူးကု၊ သွားနှင့်ခံတွင်းရောဂါ အထူးကုနှင့် နားနှင့်နှာခေါင်းရောဂါ အထူးကု ဆရာဝန်များလိုက်ပါသောအဖွဲ့သည် ဝမ်အင်း၊ ဝမ်လုံ စံပြကျေးရွာ မူလတန်းကျောင်း၌ ကျေးရွာရှိ သက်ကြီးဘိုးဘွား ၁၀ဦးအား ဆေးစစ်ကုသပေးခြင်း၊ အားဆေးများ လှူဒါန်းခြင်းနှင့် ကျေးရွာနေ ပြည်သူလူထု ၁၄၀ တို့အား ဆေးဝါးများကုသပေးခြင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်ပေးကြသည်။

ထို့အတူ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့မှ ကျေးရွာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ်များ ပေးအပ်လှူဒါန်းကြသည်။

စံပြကျေးရွာဖွင့်ပွဲ အခမ်းအနားနှင့် တစ်ဆက်တည်းတွင် ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းငွေဌေး ခေါင်းဆောင်လျက် အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၌ အမျိုးသမီးရေးရာစကားဝိုင်းပြုလုပ်ရာ အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှောင်ခိုကုန်ကူးမှုမှ တားဆီးကာကွယ်ရေးစသည့် အမျိုးသမီးများနှင့် ပတ်သက်၍ အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်ချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ဟောပြောကြသည်။

ဝမ်အင်း၊ ဝမ်လုံ စံပြကျေးရွာသည် ကျေးရွာလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဖြင့် ကျေးရွာအိမ်များ မီးပေးခြင်း၊ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားသဖြင့် ကျေးရွာပြည်သူများအနေဖြင့် ညပိုင်းတွင် ကျေးရွာစာကြည့်တိုက်၌ စာပေဗဟုသုတ လေ့လာနိုင်ခြင်း၊ ရုပ်မြင်သံကြားကြည့်ရှုနိုင်ခြင်းတို့ ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။

ကျေးရွာနေပြည်သူများ၏ စီးပွားရေးလုပ်ငန်းများအနေဖြင့် စပါး၊ ဂေါ်ဖီ၊ လိမ္မော်၊ ပဲမျိုးစုံ စိုက်ပျိုးလျက် ဆန်စပါးဝမ်းစာ ဖူလုံပိုလျှံမှုရှိကြောင်း သိရှိရသည်။

ကျေးရွာနေပြည်သူများ သောက်ရေ၊ သုံးရေ အလွယ်တကူ ရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဂါလန် ၆၀၀၀ ဆံ့ အုတ်ရေကန်တစ်ခုကို တည်ဆောက်၍ ရေပေးဝေလျက်ရှိရာ ရေအလွယ်တကူ ရရှိနေပြီဖြစ်သည်။

ပင်လုံအရှေ့အုပ်စု ဝမ်အင်း၊ ဝမ်လုံစံပြကျေးရွာသည် လွိုင်လင်၊ ပင်လုံသွားကားလမ်းမပေါ်တွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သောရွာတစ်ရွာ ဖြစ်သည့်အပြင် ကျေးရွာမှ နိုင်ငံအနှံ့သို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောနိုင်ပြီး ဆက်သွယ်ရေးဌာနက ကျေးရွာစာတိုက်ပုံးများ စီစဉ်ဆောင်ရွက်ပေးထားသည်။

မွေးမြူရေးလုပ်ငန်းများအနေဖြင့် ဥစားကြက်အကောင် ၁၆၀၀၀ကျော် မွေးမြူထားသော ကြက်ခြံရှိခြင်း၊ ကျွဲနွားနှင့် ဝက်များကို တစ်နိုင်တစ်ပိုင်မွေးမြူထားပြီး တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကျေးရွာရှိ ကျွဲ၊ နွားများကို ကြိုတင်ကာကွယ်ဆေးများ ထိုးနှံပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဝါးပေါသောဒေသဖြစ်သဖြင့် ဝါးဖြင့် ဆန်ကော၊ ဆန်ခါ၊ ခြင်းတောင်းများ ရက်လုပ်ခြင်းဖြင့် ကျေးရွာမိသားစု ဝင်ငွေတိုးတက်ကောင်းမွန်လျက်ရှိသည်။

ထို့အပြင် ကျေးရွာပြည်သူတို့၏ လယ်ယာမှထွက်ရှိသော စပါးများကို အလွယ်တကူ ကြိတ်ခွဲနိုင်ရန် ဝမ်လုံကျေးရွာတွင် တစ်နေ့လျှင် ဆန်တင်း ၅၀ကျဆန်စက်တစ်လုံး တည်ထောင်ထားရှိသည်။

ထို့ကြောင့် ပင်လုံဒေသသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများသည် ယခင်နှင့်မတူ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့်အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ ကိုးကွယ်ပူဇော်နိုင်ရန်အတွက် ဘဏ်တော် ၁၃၅ ပေရှိသည့် မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးတစ်ဆူကို တည်ထားပေးသည်။

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်၊ပင်လုံမြို့နယ်သည် တိုင်းရင်းသားစည်လုံးညီညွတ်ရေးကိုအရယူခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မှတ်တမ်းဝင်ဒေသဖြစ်သဖြင့် ပင်လုံကျောက်တိုင်ကို တွေ့မြင်နိုင်သည်။ ယခုအခါ နိုင်ငံတော်အစိုးရက နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်အရ ပင်လုံဒေသတွင် ပင်လုံတက္ကသိုလ်၊ အစိုးရကွန်ပျူတာကောလိပ်၊ အစိုးရနည်းပညာ ကောလိပ်တို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပင်လုံမြို့ကို စတင်တည်ထားခြင်းမပြုမီကပင် ဝမ်လုံကျေးရွာသည် တည်ရှိခဲ့ရာ ယခုအခါ ဝမ်အင်းကျေးရွာနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်တည်လာပြီး ဝမ်အင် ဝမ်လုံစံပြကျေးရွာအဖြစ် ဘက်စုံဖွံ့ဖြိုးလာသဖြင့် ပင်လုံမြို့နှင့်ပင် ဆက်စပ်ပေါင်းစည်းပြီး မြို့ပြနှင့်မခြား တိုးတက်ဖွံ့ဖြိုးလာကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဝမ်အင်းစံပြကျေးရွာ စာကြည့်တိုက်အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ၊ စာအုပ်နှင့် ငွေပဒေသာပင်များ လှူဒါန်းပွဲတွင် ရပ်မိရပ်ဖ များက စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ်သုံးသောင်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဇီဝနည်းပညာ အမွှေးနံ့သာဆီနှင့် ပစ္စည်းများ မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

Falcon Global Co., Ltd. မှ တင်သွင်းသော ပြင်သစ်နိုင်ငံမှ ထုတ်လုပ်သည့် Bel Air (Paris) အမှတ်တံဆိပ် လေထုသန့်ရှင်းမှု အထောက်အကူပြု ဇီဝနည်းပညာ အမွှေးနံ့သာဆီနှင့် ပစ္စည်းများ မိတ်ဆက်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနား ဟိုတယ် Grand Ballroom ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ Falcon Global Co; Ltd မှ Managing Director ဒေါ်ဇာနည်ယုလှဲ့အောင်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ပြင်သစ်နိုင်ငံမှ ထုတ်လုပ်သည့် Bel Air(Paris) အမှတ်တံဆိပ် အမွှေးနံ့သာဆီများ၏အရည်အသွေး အကျိုးအာနိသင်နှင့် လေထုသန့်ရှင်းမှုကို ထိရောက်စွာ အထောက်အကူပြုမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဇီဝနည်းပညာ အမွှေးနံ့သာဆီသုံး ဖန်မီးအိမ် အသုံးပြုပုံ၊ လေထု သန့်ရှင်းစေမှုနှင့် မီးဘေးအန္တရာယ် လုံခြုံစိတ်ချရမှုတို့ကို လက်တွေ့သရုပ်ပြသမှုအား ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ Bel Air (Paris) အမှတ်တံဆိပ် ဇီဝနည်းပညာ အမွှေးနံ့သာဆီများကို ပြင်သစ်နိုင်ငံမှ တင်သွင်းပြီး Eucalyptus, Phyrethre, Greentea နှင့် Ginseng အပါအဝင် သဘာဝသစ်ပင်၊ သစ်ခေါက်၊ အရွက် အပွင့်များမှ ဓာတုပစ္စည်း မပါရှိဘဲ အဆင့်မြင့်နည်းပညာဖြင့် ထုတ်လုပ်သည့် အမွှေးနံ့သာဆီ ၂၂ မျိုးကို တင်သွင်း ဖြန့်ချိလျက်ရှိကြောင်း၊ အဆိုပါ အမွှေးနံ့သာဆီများကို Bel Air ဖန်မီးအိမ်ဖြင့် တွဲဖက်အသုံးပြုပါက လေထုသန့်ရှင်းမှုကို အထောက်အကူပြုခြင်း၊ ထွက်ရှိလာသော အမွှေးရနံ့ကြောင့် ခန္ဓာကိုယ်တွင်း ခုခံစွမ်းအားကို တိုးတက်စေပြီး စိတ်ကြည်လင် လန်းဆန်းစေခြင်း စသည့် အကျိုးထူးများကို ရရှိစေကြောင်းနှင့် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလုံလမ်းရှိ Summit Park View Hotel ဒုတိယထပ် အခန်းအမှတ် (၂၃၉ ၊ ၂၄၀၊ ၂၄၁ ၊ ၂၄၂၊ ၂၄၃)ရှိ Falcon Global Co., Ltd. ဖုန်း – ၂၁၁၈၈၈ (လိုင်းခွဲ– ၂၃၉၊ ၂၄၀၊ ၂၄၁၊ ၂၄၂၊ ၂၄၃)တို့မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

Falcon Global Co., Ltd. မှ တင်သွင်းသော Bel Air (Paris) အမှတ်တံဆိပ် အမွှေးနံ့သာဆီနှင့် ပစ္စည်းများ မိတ်ဆက်ပွဲတွင် Managing Director ဒေါ်ဇာနည်ယုလှဲ့အောင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် အာဆီယံချန်ပီယံ ဘောလုံးပြိုင်ပွဲ မြန်မာနှင့် ထိုင်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျ

ရန်ကုန် ဇန်နဝါရီ ၁၂

၂၀၀၆ခုနှစ် အာဆီယံချန်ပီယံ ASEAN Football Championship 2006ဘောလုံးပြိုင်ပွဲ အုပ်စု(က)မှ ဒုတိယပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် အိမ်ရှင် ထိုင်းလက်ရွေးစင် ဘောလုံးအသင်းတို့ ယနေ့ ဒေသစံတော်ချိန် ည ၇ နာရီတွင် ထိုင်းနိုင်ငံ Suphachalasai Stadium ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

ပွဲကစားချိန် ၂၅ မိနစ်တွင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအတွက် စည်သူဝင်းက ဦးဆောင်ဂိုးကို သွင်းယူခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး–ဂိုးမရှိဖြင့် ဦးဆောင်ယှဉ်ပြိုင်ကစားခဲ့သည်။

ဒုတိယပိုင်း ပြန်လည်စတင်ကစားခဲ့ရာတွင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းက ပွဲချိန် မိနစ် ၉၀လုံးလုံး တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနိုင်ခဲ့ပြီး နာကျင်ချိန် အချိန်ပို ခြောက်မိနစ်ပြည့်ခါနီးတွင် ထိုင်းဘောလုံးအသင်းက ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ယနေ့ယှဉ်ပြိုင်ကစားသည့် အုပ်စု(က) ပထမပွဲစဉ်အတွင်း မလေးရှားလက်ရွေးစင် ဘောလုံးအသင်းက ဖိလစ်ပိုင်လက်ရွေးစင် ဘောလုံးအသင်းကို လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ဇန်နဝါရီ ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် မလေးရှားလက်ရွေးစင် ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓာတ်ပုံပညာသင်တန်းနှင့် သတင်းဆောင်းပါး၊ စာပေပြုစုရေးသားနည်း သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ဓာတ်ပုံပညာသင်တန်း (၁/၂၀၀၆)နှင့် သတင်းဆောင်းပါးနှင့် စာပေပြုစုရေးသားခြင်း သင်တန်း (၂/၂၀၀၆) ဆင်းပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဖေက သင်တန်းဆင်းအမှာ စကားပြောကြားသည်။

ပေးအပ်

ထို့နောက် ဓာတ်ပုံပညာသင်တန်းနှင့် သတင်းဆောင်းပါးနှင့် စာပေပြုစုရေးသားခြင်း သင်တန်းတို့တွင် ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ကြသည်။

တက်ရောက်

ယင်းနောက် သင်တန်းသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းသား၊သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဖေ ဓာတ်ပုံပညာသင်တန်း (၁/၂၀၀၆)နှင့် သတင်းဆောင်းပါးနှင့် စာပေပြုစုရေးသားနည်း သင်တန်း (၂/၂၀၀၆) ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃–၁–၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	အကပြိုင်ပွဲ
၈:၀၀	၆။	တေးဂီတအစီအစဉ်
၈:၁၀	၇။	မိုးယွန်းကြီးရေထိန်းတံခါး
၈:၁၅	၈။	အတီးပြိုင်ပွဲ
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Grammar Made Easy.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၅	၂။	တေးဂီတအစီအစဉ်
၁၁:၃၀	၃။	ပြည်တွင်းသတင်း
၁၁:၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၅	၅။	ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၂:၁၅	၆။	**"တို့တစ်ရွာလုံးချမ်းသာပြီ" (ဆန်းထွဋ်၊အကယ်ဒမီဇော်ဦး၊ မိုးဒီ၊ငွေတောင်၊သူသူဟံသာ၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာ–တင်အောင်ရွှေ–သုတေသီ)**
၁၂:၅၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁:၁၀	၈။	အဆိုပြိုင်ပွဲ
၁:၂၅	၉။	ယူးချောင်းတံတား
၁:၄၀	၁၀။	အတီးပြိုင်ပွဲ
၁:၅၅	၁၁။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၂:၁၅	၁၂။	**"အလျော်အစား" (ဇင်ဝိုင်း၊ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ–ကျော်ဇောလင်း)**
၂:၃၀	၁၃။	သုံးဆယ်ရေလှောင်တမံ
၂:၄၅	၁၄။	International News.
၃:၀၀	၁၅။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English for Every day Use.
၄:၄၅	၄။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၅၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅:၁၀	၆။	တေးဂီတအစီအစဉ်
၅:၂၀	၇။	မြင်းခြံစိန်ဗဒင်းဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
၅:၃၅	၈။	ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၆:၀၀	၉။	ညနေခင်းသတင်း
၆:၃၀	၁၀။	မိုးလေဝသအခြေအနေ
၆:၃၅	၁၁။	အလှရှာမယ် လှကမ္ဘာဝယ်
၇:၀၀	၁၂။	အစဉ်အလာကောင်းမည့် လှိုင်းချောင်းတမံ
၇:၁၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ကြွေရင်ခုန်သံ" (အပိုင်း–၁၁)**
၈:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "လှပသောနေ့ရက်များ" (အပိုင်း–၁၅)**
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

တိပိဋကဓမ္မရက္ခိတ အဖွဲ့ကြီးသို့ ဒေါက်တာသိန်းနိုင်-ဒေါ်မြင့်မြင့်တို့က ငွေကျပ် ၁၀သိန်းတန် မီးစက်တစ်လုံးလှူဒါန်းရာ အကျိုးတော်ဆောင် အတွင်းရေးမှူး သီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်းနှင့် ဗဟိုအကျိုးတော်ဆောင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၁၂

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်၊ ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိသယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။

ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈ သို့ဖြစ်စေ ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား စာရင်းပေးနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာဟော်ကီအဖွဲ့ မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၁၂

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင် ခေါင်းဆောင်သော အမျိုးသမီး ဟော်ကီဆပ်ကော်မတီဥက္ကဋ္ဌ အကယ်ဒမီဒေါ်ဆွေဇင်ထိုက်နှင့် ဂုဏ်ထူးဆောင် အမှုဆောင် ဦးဇော်ဝင်းတို့ပါဝင်ကြသည့် မြန်မာဟော်ကီကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇန်နဝါရီ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် (၄၅)ကြိမ်မြောက် အာရှကောင်စီ အစည်းအဝေးနှင့် ကွန်ဂရက်သို့လည်းကောင်း၊ ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်မည့် ဟော်ကီအားကစားနည်း ညှိနှိုင်းအစည်းအဝေးသို့ လည်းကောင်း တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသမီးဟော်ကီ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် မလေးရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းရန် ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့အား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ယှဉ်ပြိုင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ကလပ်အသင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်ငွေသိန်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင် ခေါင်းဆောင်သော မြန်မာ ဟော်ကီကိုယ်စားလှယ်အဖွဲ့ ကွာလာလမ်ပူမြို့သို့ ထွက်ခွာသွားရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(ဟော်ကီအဖွဲ့ချုပ်)

အင်တာနက်အားကစားသတင်းများ

အယ်လ်အေ ဂလက်ဇီအသင်းတွင် ကစားရန် ဒေးဗစ်ဘက်ဟမ်း ထုတ်ဖော်ပြောကြား

မဒရစ် ဇန်နဝါရီ ၁၂

အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်အခြေစိုက် အယ်လ်အေ ဂလက်ဇီ ဘောလုံးအသင်းတွင် မိမိပါဝင်ကစားမည် ဖြစ်ကြောင်း ဒေးဗစ်ဘက်ဟမ်းက ယနေ့ပြောကြားသည်။

အယ်လ်အေ ဂလက်ဇီ ဘောလုံးအသင်းတွင် ပါဝင်ကစားရန် ငါးနှစ်သက်တမ်းရှိ ကန်ထရိုက် စာချုပ်ကို လာမည့်နွေရာသီ၌ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဘက်ဟမ်းက ပြောကြားသည်။

စပိန်နိုင်ငံ ရီးယဲလ်မဒရစ်အသင်း၏ နာမည်ကျော် ဘောလုံးသမား ဘက်ဟမ်းသည် အမေရိကန် မေဂျာလိဂ် ဘောလုံးပြိုင်ပွဲသို့ ပြောင်းရွှေ့မည်ဟု ထုတ်ဖော်ပြောဆိုခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ***အင်တာနက်***

လော့အိန်ဂျလိစ်မြို့သို့ ရွှေ့ပြောင်း ကစားမည့် ဒေးဗစ်ဘက်ဟမ်း။(*ဓာတ်ပုံ-အင်တာနက်*)

တိုမက်စ် ဆီဗော့အား အူဒီးနီးစ်အသင်းကမ်းလှမ်း

ရောမ ဇန်နဝါရီ ၁၂

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲဝင် အူဒီးနီးစ်အသင်းသည် ချက်သမ္မတနိုင်ငံမှ စပါတာပရာဟာ အသင်း၏ အသင်းခေါင်းဆောင် တိုမက်စ်ဆီ ဗော့ **(အပေါ်ပုံ)**အား ယင်းအသင်း၌ ပါဝင်ကစားရန် ကမ်းလှမ်းထားကြောင်း ယနေ့အင်တာ နက်သတင်း၌ ဖော်ပြသည်။

အသက် ၂၃ နှစ်အရွယ်ရှိ ဆီဗော့၏ ကိုယ်စားလှယ်ဒေးဗစ်နီဟိုဒါသည် အူဒီးနီးစ်အသင်းပိုင်ရှင် ဂီယမ်ပါလိုပိုဇိုနှင့် ဆွေးနွေးခဲ့သည်။

အူဒီးနီးစ်အသင်းသည် ဆီဗော့အား လေးနှစ် သက်တမ်းရှိ ကန်ထရိုက် စာချုပ်အတွက် ကမ်းလှမ်းခဲ့သည်။ ***အင်တာနက်***

နော်ဝေ ဆယ်ကျော်သက် ဂိုးသမား အက်စ်တန်ဗီလာတွင် အစမ်းကစားမည်

လန်ဒန် ဇန်နဝါရီ ၁၂

နော်ဝေလူမျိုး ဆယ်ကျော်သက်ရွယ် ဂိုးသမားလက်စ်စတောသည်အက်စတန်ဗီလာအသင်းတွင် အစမ်းကစားမည်ဖြစ်ကြောင်း ယင်းအသင်း၏ မန်နေဂျာ မာတင်အိုနီးလ်က ယနေ့ ပြောကြားသည်။

အက်စတန်ဗီလာအသင်း၏ ဂိုးသမားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိထားခြင်းကြောင့် မာတင်အိုနီးလ်မှာ စိုးရိမ်ပူပန်မှုများဖြစ်ခဲ့သည်။ အိုနီးလ်သည် ခရစ္စတယ်လ်ပဲလေ့စ်အသင်းမှ ဂါဘာကီရာလီအား အငှားချစာချုပအရ ခေါ်ယူခဲ့ရပြီးဖြစ်သည်။

ကီရာလီသည် ဂိုးဖမ်းမှုစွမ်းရည်ပြသ နိုင်ခဲ့သော်လည်း ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မန်ချက်စတာယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားရသည့်ပွဲ၏ ဒဏ်ရာရအစားဖြည့် အချိန်ပိုအတွင်း အမှားကြီးတစ်ရပ် ကျူးလွန်ခဲ့မိသည်။

ယင်းပွဲတွင် အက်စတန်ဗီလာအသင်းက မန်ချက်စတာယူနိုက်တက်အသင်းကို ရှုံးခဲ့သည်။ ***အင်တာနက်***

လောင်စာဆီသိုလှောင်မှု မီးဘေးအန္တရာယ်သတိပြု

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် တမာပင်ခွကျေးရွာ မန်းကျည်းပင်စုပေပင်စု ကားလမ်းမဘေးရှိ အိမ်များတွင် လောင်စာဆီ သိုလှောင်ရောင်းဝယ်ခြင်းများ ပြုလုပ်လျက်ရှိရာ မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လောင်စာဆီများ သိုလှောင်ရောင်းဝယ်နေခြင်းကို တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။

ရွာသားများ

လက်ဖက်ရည်ဆိုင်ဆူညံ ညှော်နံ့မခံနိုင်

စာတည်းရှင့်-

ကြည့်မြင်တိုင်မြို့နယ် အိုးဘိုလမ်းနှင့် ဗိုလ်သူရလမ်းထောင့် မြေညီထပ်ရှိ လက်ဖက်ရည်ဆိုင်တွင် မုန့်မျိုးစုံကြော်လှော်လျက်ရှိရာ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်ရှိ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်သည့်အပြင် ဆိုင်အလုပ်သမားများ၏ အော်ဟစ်ဆူညံသံများကြောင့် စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ လက်ဖက်ရည်ဆိုင်အား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အိုးဘိုသူ

ရေအိမ်ပျက်စီးမှု ပြုပြင်ပေးစေလို

စာတည်းခင်ဗျား-

တောင်ငူမြို့ မြို့မဈေးကြီး စက်တန်းနောက်ဘက်ရှိ အများသုံးဈေးအိမ်သာမှာ ပျက်စီးယိုယွင်းနေပြီး မိလ္လာကန်မှာ အဖုံးအကာမရှိသဖြင့် မစင်များဘေးပတ်ဝန်းကျင်သို့ စီးဆင်းနေပါသည်။

သို့ဖြစ်ပါ၍ ဈေးအိမ်သာသန့်ရှင်းရေး ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူ၊ဈေးသားများ

ပြည်သူ့ထံမှပေးစာ

ကားဘော်ဒီထုသံ ပတ်ဝန်းကျင်ဆူညံ

စာတည်းရှင့်-

သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၁ ရပ်ကွက်၊ သုမင်္ဂလာလမ်းမနှင့် ဇဋိလလမ်းထိပ်ရှိ ကားဘော်ဒီရုံမှ ဘော်ဒီထုရိုက်သံများနှင့် ဂဟေဆော်ရာမှ ညှော်နံ့များ၊ ဆေးမှုတ်သည့် အနံ့ဆိုးများကို ပတ်ဝန်းကျင်နေသူများ နေ့စဉ်ရှူရှိုက် နေကြရပါသည်။ လေအိုး၊ မီးအိုးများဖြင့် ဘော်ဒီဖာထေးဖြတ်ဆက်ခြင်းတို့ကြောင့်လည်း မီးဘေးအန္တရာယ် စိုးရိမ်နေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကားဘော်ဒီရုံအား သင့်လျော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

သုမင်္ဂလာလမ်းသူ

မှို့ဖွသည့်လုပ်ငန်း တားဆီးပေးပါ

စာတည်းခင်ဗျား-

လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းလမ်းအတွင်းရှိ နေအိမ် ၁၅လုံးခန့်တွင် မှို့များ သိုလှောင်ထားပြီး မှို့ဖွစက်များဖြင့် လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် အဆိုပါလုပ်ငန်းအား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

ကျူးကျော်ဈေးသည်များဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေးအနောက်ဘီရုံနှင့် စီရုံကြားရှိ ကားလမ်းပေါ်တွင် လမ်းဘေးဈေးသည်များကျူးကျော် ရောင်းချလျက်ရှိရာ ယာဉ်အသွားအလာနှင့် ဈေးဝယ်သူများ အနှောင့်အယှက် ဖြစ်ကြရပါသည်။ သို့ဖြစ်ပါ၍ လမ်းပေါ်အထိ ကျူးကျော်ဈေးရောင်းနေမှုများအား တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

ဈေးသူ၊ ဈေးသားများ

အမှိုက်ပုံမှန်သိမ်းစေချင်

စာတည်းခင်ဗျား-

ရွှေပြည်သာမြို့၊ အမှတ်(၅/က) ရပ်ကွက်၊ သီရိမင်္ဂလာပတ်လမ်းနှင့် ဘုရင့်နောင်လမ်းထောင့်အနီးရှိ အမှိုက်ကန်တွင် အမှိုက်များ လမ်းမပေါ်အထိ ပျံ့နှံ့လျက်ရှိနေပါသည်။ **(အောက်ပုံ)**

သို့ဖြစ်ပါ၍ အဆိုပါအမှိုက်များ ပုံမှန်သိမ်းဆည်းရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

မျှစ်ချဉ်အနံ့ ပတ်ဝန်းကျင်ပျံ့နှံ့

စာတည်းရှင့်-

ပဲခူးမြို့၊ ကလျာဏီရပ်ကွက် (၄) လမ်းရှိ အိမ်တစ်အိမ်တွင် အုတ်ကန်ပြုလုပ်ပြီးမျှစ်ချဉ်များကို သိုလှောင်ထားပါသည်။ ၎င်းမျှစ်ချဉ်အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင် နေသူများ ကျန်းမာရေးထိခိုက်ပါသည်။ သို့ဖြစ်ပါ၍ မျှစ်ချဉ်အနံ့ဆိုးကင်းစင်ရေး စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မျှစ်ချဉ်နံ့မခံနိုင်သူ

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

ချောင်းဦးမြို့မဈေး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပြီးစီး

၁၈-၁၁-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့ မြို့မဈေးကြီး ကုန်စိမ်းတန်းဘက် ရေစီးရေလာကောင်းမွန်ရေး ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ခွေးလေခွေးလွင့်များ ရှင်းလင်းပြီး

၂၉-၇-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကော့မှူးမြို့နယ်မှ ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မိသားစုအပေါ် အမြဲစောင့်ရှောက်ပေးသော ချစ်အစ်မကြီး **ဒေါ်ခင်ကြူကြူသန်း (ပိုင်ရှင် – မဏ္ဍိုင်ဒီဇယ်ပန့်နှင့် နော်ဇယ်ပြုပြင်ရေးအလုပ်ရုံ)**အား ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၇ ဖြင့် "**သုဓမ္မာသိင်္ဂီ**" ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် တိုင်းပြည်နှင့်သာသနာ့အကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမြင့်စိုး (M.D) MYANMAR STEEL & CEMENT CO., LTD.
ဒေါ်သန်းသန်းစု (DIRECTOR) MYANMAR STEEL & CEMENT CO., LTD.

သားကြီး – ဟိန်းအောင်စိုး FINAL PART (I) IM (1)
သမီးကြီး – သက်ဝေဖြိုး 2nd MB IM (1)
သမီးငယ် – ချစ်စုစုစိုး (ခ) ချစ်စု
GRADE (VII-B), B.E.H.S (2) BAHAN

ဂုဏ်ယူဝမ်းမြောက်ခြင်း

ချစ်တူမလေး
ဒေါ်ခင်ကြူကြူသန်း (ပိုင်ရှင်၊ မဏ္ဍိုင်ဒီဇယ် **ပန့်နှင့် နော်ဇယ်ပြုပြင်ရေးအလုပ်ရုံ)** အား နိုင်ငံတော်မှ **သုဓမ္မာသိင်္ဂီဘွဲ့** ကို ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ချစ်တူမလေးအတွက် အထူးကြည်နူးဝမ်းမြောက် ဂုဏ်ယူမိပါသည်။ **ချစ်အန်တီ ဒေါ်ခင်စန်းရီ**
အမှတ် ၁၅၂၊ လမ်းမတော်၊ ပြည်မြို့။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ဒေါ်ခင်ကြူကြူသန်း(ပိုင်ရှင်၊ မဏ္ဍိုင် ဒီဇယ်ပန့်နှင့် နော်ဇယ်ပြုပြင်ရေးအလုပ်ရုံ)အား နိုင်ငံတော်မှ ၄–၁–၂၀၀၇ရက်တွင် ချီးမြှင့်သည့် **သုဓမ္မာသိင်္ဂီဘွဲ့**ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာ ကြည်နူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဦးဌေး–ဒေါ်စောယုဆွေ
B.M.W
ကားမှုတ်ဆေးအမျိုးမျိုးရောင်းဝယ်ရေး

ဦးစိုးဝင်း–ဒေါ်သန်းသန်းဆွေ
ရွှေတက်လမ်း မော်တော်ယာဉ် ပြုပြင်ရေးနှင့် မော်တော်ယာဉ်သုံးပစ္စည်းရောင်းဝယ်ရေး
သမဝါယမအသင်းလီမိတက်

မင်းကွန်းဓမ္မစေတီ ဆရာတော်တရားပွဲ

မန္တလေး ဇန်နဝါရီ ၁၂

ဓမ္မစေတီ ဖောင်ဒေးရှင်း ဦးဆောင် ပဓာနနာယက (၁၀) ဘွဲ့ရ ဆရာတော် အရှင်နာဂိန္ဒာ လက်ခံရသည် ဇန်နဝါရီ ၂၉ရက်တွင် မန္တလေးမြို့ မြင်းဝန်မင်းကြီးတိုက် ပုပ္ပားကျောင်း ဆရာတော် ဘဒ္ဒန္တပညာသာမိ စံလွန်တော်မူသည့် ကိုးနှစ်မြောက် နှစ်ပတ်လည် ပူဇော်ပွဲ၌ ည၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က–ပ)

ငှားရန်ရှိသည်

Dozer (မြေကော်စက်) ငှားရန်ရှိသည်။ Ph:09-99-24480, Ph:09-511 4737 544797

လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးကိုကိုအေး (အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်နှင့်အမျိုးသားဝေါက်သီးလေ့ကျင့်ရေး(မြန်မာ)လီမိတက်) အား သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် **(သီရိသုဓမ္မမဏိဇောတဓရ)** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မဲဇလီကုန်း မြို့မိမြို့ဖများ
အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်း။

စိတ်ကူးသစ်စာပေ **မောင်ညိုမှိုင်း(သန်လျင်)**

မြေဝင်စားမခင်မြေ၊ ဘတိုက်ပုံဦးရာကျော်၊ သည်းထိတ်ဆန်းကြယ်ခွေးနက်ကြီး မြေပေါက်ပါးမြို့ သေရွာငါးကြိမ်ပြန်ခင်ဒေါင်းစံ၊ ပြိတ္တာရွာသူမကြွေစာအုပ်များဝယ်ယူအားပေးကြသူများအတွက်

ကျောင်းတစ်ရာသက်ပြင်းနှင့်အင်းတစ်ထောင်မင်းဂေါင်

[မြစ်ရပ်ဆန်းကြယ် ဂန္တီရ လုံးချင်းဝတ္ထု]

စာအုပ်ဆိုင်တိုင်းမှာ မေးဝယ်ပါ

ထွက်ပြီ

Summit International Learning Centre
SUMMIT
S I L C
No.248. Ahlone Road, Dagon Township, Yangon.
e-mail: info@summitlearningcentre.com Ph: 222661 725718
http:// www.summit.bravehost.com

*Regular Classes : 8:30 am - 3:00 pm *(Aug 2006 - June 2007)*
*2.5 years and above!
*Weekend Classes: 8:30 am - 12:30 pm *(Year round!)*
* Primary Level 1 to Level 3 (Age : 4 - 12)
*Summer Course : March - April - May *(Every year!)*
"Ordinary students can attain extraordinary results"

School Bus!!



ရန်ကုန်တိုင်း သာကေတ မြို့နယ် ဇိနမာရ်အောင်စေတီတော် ဝတ္တကမြေအတွင်း နှစ်ကျိပ်ရှစ်ဆူ သိခ်ီဘုရားတည်ထား ကိုးကွယ်ရန်နှင့် လျှပ်စစ်မီးတိုင်အတွက် သာကေတမြို့နယ် ၇–အရှေ့ ရပ်ကွက်အလယ် ခိုင်ရွှေဝါလမ်းနေ (ခင်ပွန်းဦးမောင်စိန်)အား ရည်စူး၍ဒေါ်တင်သိန်းနှင့် သားသမီးတစ်စုတို့က အလှူတော်ငွေကျပ်သုံးသိန်းကို ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးလှထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာနိုင်ငံ အဓိကဆေးဝါးစီမံချက် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

မြောက်ဦး ဇန်နဝါရီ ၁၂

မြောက်ဦးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် မြန်မာနိုင်ငံအဓိကဆေးဝါးစီမံချက် မြို့နယ်အဆင့်(ဆင့်ပွား) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ပြည်သူ့ဆေးရုံဟောင်း (မြောက်ဦး) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်ဦးက သင်တန်းဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်ကျန်းမာ ရေးဦးစီးဌာနမှူး ဒေါက်တာဥမ္မာအေးက မြန်မာနိုင်ငံ အဓိကဆေးဝါးစီမံချက်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၆၅ ဦး တက်ရောက်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ကြေးမုံ မြို့နယ်သတင်းများ





ဇီးကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေသည့် ပဲခူးတိုင်း(အနောက်ပိုင်း)ခရိုင်ချင်းဆက်လမ်း မြေသားလမ်း လုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဒီဇင်ဘာ၃၁ရက်ကဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင်အောင်စော၊ လက်ထောက်အင်ဂျင်နီယာ ဦးမြင့်ဝင်းနှင့် အငယ်တန်း အင်ဂျင်နီယာ–၃ ဦးအောင်ဖြိုးဝေတို့ ကြီးကြပ်ဆောင်ရွက်စဉ်။(မြို့နယ်စည်ပင်)

ကျန်းမာရေးပညာပေးဟောပြော

သရက် ဇန်နဝါရီ ၃

သရက်မြို့ အကျဉ်းဦးစီးဌာနမှ သရက်မြို့ ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ အကျဉ်းသားများအား ကာလဝမ်းရောဂါ၊ HIV/AIDS ရောဂါများနှင့်ပတ်သက်သည့် ပညာပေးဟောပြောပွဲကို သရက် အကျဉ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၁ ရက် နံနက်က ကျင်းပရာ သရက်ခရိုင် ပြည်သူ့ဆေးရုံမှ ဆရာဝန် ဦးသက်ထွန်း ဟောပြောပို့ချသည်။ **(ယာပုံ)**

(ခရိုင်ပြန်/ဆက်)

လောင်းလုံတွင် စာပေဟောပြောပွဲကျင်းပ

လောင်းလုံ ဒီဇင်ဘာ ၃၁

လောင်းလုံမြို့နယ် ဓမ္မသဘင်အဖွဲ့မှ ကြီးမှူး၍ စာပေဟောပြောပွဲကိုဒီဇင်ဘာ၃၁ရက်ကလောင်းလုံမြို့ အောင်ချမ်းသာဘုရားဝင်းဓမ္မာရုံတွင်ကျင်းပသည်။ အဆိုပါဟောပြောပွဲအခမ်းအနားကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်စမ်းနှင့် ဒေါ်မြညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အရှင်ဇယန္တ(ထီးချိုင့်) ဆရာတော်က အဖွင့်ဩဝါဒစကားမြွက်ကြားပြီး စာရေးဆရာမများဖြစ်သော မြသန္တာ၊ နှင်းဝေငြိမ်း၊ မိချမ်းဝေနှင့် သန်းမြင့်အောင်တို့က အမေအကြောင်း၊ အမေ့ကျေးဇူးအကြောင်း ဟောပြောကြကြောင်း သတင်းရရှိသည်။

(မြို့နယ်ပြန်/ဆက်)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ဟင်္သာတမြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၁)နေ
ဦးမြင့်ဦး–ဒေါ်လှလှမြင့်(ရွှေကုံကော်–အထည်ဆိုင်)တို့၏သားကြီး
မောင်ကျော်မင်းထက်(ခ)မင်းမင်း
B.Sc.(Geology)
နှင့်
ရန်ကုန်မြို့နေ
ဦးအောင်မြင့်–ဒေါ်ခင်ဌေးတို့၏ သမီးကြီး
မဇွန်ဇွန်အောင်
B.Sc.(Chemistry)

တို့၏ ၇–၁–၂၀၀၇ရက်(တနင်္ဂနွေနေ့) Sedona Hotel (Grand Ballroom)တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကလေးဆေးရုံအုပ်ကြီး ဒေါက်တာ ဦးချစ်ကိုတင်နှင့်ဇနီး ဒေါ်ခင်မာလာစန်းတို့အားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော မဟေမာနေဝင်းနှင့် မင်္ဂလာတေးသံများဖျော်ဖြေပေးသော The Aces အဖွဲ့အားလည်းကောင်း၊ သတို့သားအရံ မောင်ချမ်းငြိမ်းထွန်းနှင့် မောင်အောင်ငြိမ်းမြတ်၊ သတို့သမီးအရံ မမေမေအောင်နှင့် မပိုးအိလှိုင်၊ မင်္ဂလာအောင်စံပယ်ကုံးဇန်း ကိုင်ဆောင်ပေးသော မမေသူချိုလွင်၊ မင်္ဂလာပန်းကြဲပေးသော မထားဝင့်လှိုင်၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော မအေးနှင်းစိုး၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ယင်ပေးသော အောင်အောင်(တောင်ကြီး)၊ မင်္ဂလာအခမ်းအနား မှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့်အဖွဲ့အားလည်းကောင်း၊ Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ထိမ်းမြားမင်္ဂလာပွဲ ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်မင်းထက်–မဇွန်ဇွန်အောင်

စမ်းချောင်းလမ်း တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၂

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ် ဆရာသက်ကြီး၏ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာအကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက ဇန်နဝါရီ ၁၅ရက်မှ ၂၄ရက်အထိ စမ်းချောင်း မြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) ဒုတိယလွှာတွင်မွန်းတည့်၁၂နာရီမှ ညနေ ၅နာရီအထိ နေ့စဉ် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က–ပ)

INVITATION TO TENDER

(TENDER NO., 15(T)MPE/HSD(12)/2006-2007)

1. Sealed Tender are invited by the Myanma Petrochemical Enterprise, the Ministry of Energy for the supply of High Speed Diesel Oil (24,000#10%) Metric Tons (Gas Oil Regular 0.5%)
2. Tender closing Date :(24-1-2007)at(12:00)noon.
3. Tender opening Date :(24-1-2007)at(13:00)Hrs
4. Delivery Time : Within March.
5. Tender Documents and detail information are available at the Department of Finance, Myanma Petrochemical Enterprise, Nay Pyi Taw, during office hours commencing (15-1-2007)on payment of one hundred (100) FEC perset
6. Only bid from tenderer who has purchased tender documents officially from Myanma Petrochemical Enterprise will be accepted for evaluation

Managing Director
Myanma Petrochemical Enterprise

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးချစ်မွှေး(သပြေညို အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)

နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့်(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဂုဏ်ပြုချီးမြှင့်သည့်သာသနာတော်ဆိုင်ရာသီဟသုဓမ္မမဏိဇောတဓရဘွဲ့ ချီးမြှင့်ခြင်းခံရသည့်အတွက်လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ သာသနာ့အကျိုး၊ တိုင်းပြည်အကျိုးကိုဆက်လက်၍ ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးအေးငွေ(ကောင်းဆုဝေဆောက်လုပ်ရေး)
ဒေါ်အိအိငြိမ်း(အေးငြိမ်းအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ညီမငယ် **ဒေါ်မြင့်မြင့်နွယ် (သီရိရွှေစင်ရွှေဆိုင်၊ မန်းမြို့ဈေး)** အား နိုင်ငံတော်မှ **သီရိသုဓမ္မသိင်္ဂီဘွဲ့** ချီးမြှင့်ခြင်းအတွက် မိသားစုများနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးအတွက် ဆတက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်တောင်း လိုက်ပါသည်။

အစ်ကိုကြီး - ဦးသန်းစိုး-ဒေါ်ခင်ခင်ဆွေ၊
တူ/တူမများ - မောင်နိုင်ဇာအောင်၊ မအိအိအောင်၊ မဖြိုးဖြိုးအောင်
"စတားရွှေစင် ရွှေဆိုင်" ၁၆၃၊ ဗညားဒလလမ်း၊ ရန်ကုန်မြို့။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

သပြေညိုရောင်းဝယ်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ၊ တန့်ဆည်မြို့နယ်အသင်း ဒုတိယဥက္ကဋ္ဌ **ဦးချစ်မွှေး** အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၇)ဖြင့် သာသနာတော်ဆိုင်ရာ **"သီဟသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် တန့်ဆည်မြို့နယ်အသင်း၏ အမှုဆောင်အဖွဲ့နှင့် အသင်းဝင်မိသားစုများက အထူးပင်လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုး၊ အသင်း၏အကျိုးများကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့(တန့်ဆည်မြို့နယ်အသင်း)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း

ဒေါက်တာရီရီနွယ် (ရွှေဝတ်ရည်စက္ကူစက်)

နိုင်ငံတော်က ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သီဟသုဓမ္မသိင်္ဂီဘွဲ့** အား ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ နောင်တွင်လည်း ဘက်စုံအကျိုးပြုလုပ်ငန်းများတွင် ကျန်းမာချမ်းသာစွာဖြင့် ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးပသီး မိသားစု (စက္ကူရောင်းဝယ်ရေး)၊ ဇော်ဘွားကြီးကုန်း
ဦးမျိုးသန့် မိသားစု (သန့်စက္ကူရောင်းဝယ်ရေး)၊ ဇော်ဘွားကြီးကုန်း
ကိုအောင်မြင့်မိသားစု (အောင်စက္ကူရောင်းဝယ်ရေး)၊ ဇော်ဘွားကြီးကုန်း
ဦးကျော်ဝင်းနှင့်သားများ(စက္ကူရောင်းဝယ်ရေး)၊ ဇော်ဘွားကြီးကုန်း
ဦးဆာမိ မိသားစု (စက္ကူရောင်းဝယ်ရေး)၊ ဘောက်ထော်

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်တွင် နေရာချထားမည့် မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများအတွက် လျှောက်လွှာခေါ်ယူခြင်း

မြို့ကွက်သစ်

၁။ နေပြည်တော်တွင် မြေကွက် ၄၀၀၀ စီပါရှိသော မြို့ကွက်သစ်နှစ်နေရာအား အောက်ဖော်ပြပါ အချက်အလက်များဖြင့် ဖော်ထုတ်သွားပါမည်—

(က) **မြေကွက်အရွယ်အစား** ။ ပေ ၁၂၀ x ပေ ၁၂၀ မြေကွက်၊ ပေ ၁၀၀ x ပေ ၁၀၀ မြေကွက်၊ ပေ ၈၀ x ပေ ၈၀ မြေကွက်၊

(ခ) ရှစ်လမ်းသွား၊ ခြောက်လမ်းသွား၊ လေးလမ်းသွားနှင့် နှစ်လမ်းသွား ကွန်ကရစ်လမ်းများ ဖောက်လုပ်ပေးမည်။

(ဂ) အိမ်ခြံဝအရောက် လျှပ်စစ်မီး၊ ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် ရေစီးရေလာစနစ်များ ဆောင်ရွက်ပေးမည်။

(ဃ) ကျောင်း၊ ဈေး၊ မီးသတ်၊ ရဲစခန်း၊ ဆေးခန်း၊ အားကစားကွင်း၊ ပန်းခြံအစရှိသည့် လူမှုရေးအဆောက်အအုံများ ပါဝင်မည်။

၂။ မြေကွက်လျှောက်ထားသူသည် အောက်ပါအချက်အလက်များအတိုင်း လိုက်နာရပါမည်—

(က) မြေကွက်ဝယ်ယူခွင့်ရရှိသူသည် သတ်မှတ်တန်ဖိုးကို ပေးသွင်းရမည်။

(ခ) အမှန်တကယ် နေထိုင်ရန် လိုအပ်ပါက မြေကွက် နှစ်ကွက်အထိ ဝယ်ယူရန် လျှောက်ထားနိုင်သည်။

(ဂ) အမှန်တကယ် နေထိုင်သူများ ဖြစ်ရမည်။

(ဃ) မြို့ကွက်သစ်နေရာသည် လူနေထိုင်ရန်အတွက်သာ ဖြစ်သဖြင့် မည်သည့် စီးပွားရေး လုပ်ငန်းမျှ လုပ်ကိုင်ခြင်းမပြုရ။

(င) မြေကွက်အတွင်း သတ်မှတ်ပေးသည့် လုံးချင်းအိမ်ပုံစံများမှ နှစ်သက်ရာ တစ်ထပ် သို့မဟုတ် နှစ်ထပ် အိမ်တစ်လုံးကိုသာ သတ်မှတ်အကွာအဝေး ချန်လှပ်၍ ဆောက်လုပ်ရမည်၊ တစ်လုံးထက်ပို၍ ဆောက်လုပ်ခြင်း၊ အိမ်ပုံစံကို ပြုပြင်တိုးချဲ့ဆောက်လုပ်ခြင်းအား ခွင့်မပြု။

(စ) ဆောက်လုပ်ပြီး အိမ်အစား အသစ်ထပ်မံဆောက်လုပ်လိုပါက လက်ရှိအိမ်အား ဖျက်သိမ်း၍ သတ်မှတ်ပေးထားသည့်အိမ်ပုံစံများအနက် နှစ်သက်ရာကို ရွေးချယ် ဆောက်လုပ်ခွင့် တင်ပြဆောင်ရွက်နိုင်ပါသည်။

(ဆ) လူနေအိမ်ရာများကို လိုအပ်ပါက လေးထပ်အထိ ဆောက်လုပ်ခွင့်ပေးမည်၊ လေးထပ်အထိ ဆောက်လုပ်လိုပါက ဆောက်လုပ်လိုသော အိမ်ပုံစံကို ကော်မတီသို့ တင်ပြပြီး အတည်ပြုချက်ရမှ ဆောက်လုပ်ရမည်။

(ဇ) နေရာချထားပေးပြီး အနည်းဆုံး သုံးလအတွင်း အဆောက်အဦ စတင် ဆောက်လုပ်ရန်နှင့် တစ်နှစ်အတွင်း အပြီးတည်ဆောက်ရမည်။

(ဈ) တစ်နှစ်အတွင်း ဆောက်လုပ်ခြင်းမပြုနိုင်ပါက မည်သည့်လျော်ကြေးမှမပေးဘဲ ပြန်လည်သိမ်းယူမည်။

(ည) အဆောက်အဦ ဆောက်လုပ်ပြီးသည်နှင့် မြေပိုင်ဆိုင်မှုအဖြစ် နှစ်(၃၀) မြေငှားဂရန် ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ်အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်းရောင်းချမည် ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်း ရောင်းချခွင့်ပြုမည်၊ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

အဆင့်မြင့်ဈေး

၃။ နေပြည်တော်တွင် ဖွင့်လှစ်မည့် Shopping Complex တွင် အောက်ပါအချက်အလက်များနှင့် ကိုက်ညီသော ဈေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခွင့်ပြုပါမည်–

(က) စားသောက်ဆိုင်များ (မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ အိန္ဒိယအစားအစာ၊ လက်ဖက်ရည်ဆိုင်၊ တိုင်းရင်းသားရိုးရာအစားအစာများ၊ ဒံပေါက်၊ ချစ်တီးထမင်း၊ အအေးဆိုင်စသည်ဖြင့်)။

(ခ) ဆေးပစ္စည်းအရောင်းဆိုင်များ(ဆေးခန်း၊ ဓာတ်ခွဲခန်းလုပ်ငန်းများမပါ)။

(ဂ) အမျိုးသား/ အမျိုးသမီးအလှပြင်ဆိုင်များ(အနှိပ်/အကြောပြင်ခန်းများမပါ)။

(ဃ) စိန်ရွှေ ရတနာဆိုင်။

(င) စာအုပ်နှင့် စာရေးကိရိယာဆိုင်။

(စ) အပ်ချုပ်ဆိုင်။

(ဆ) အဆင့်မြင့်မူလတန်းကြိုကျောင်း။

(ဇ) Electronics ပစ္စည်းအရောင်းဆိုင်များ (Services Centre တွဲလျက်)၊ (Training Centre ခွင့်မပြုပါ)။

၄။ အထက်ဖော်ပြပါ Shopping Complex အတွင်း ဆိုင်ခန်းတစ်ခန်းလျှင် ပေ ၁၀၀ x ပေ ၂၀၀ အကျယ် မြေကွက်များ ခွင့်ပြုပေးမည်။

၅။ အဆိုပါ သတ်မှတ်မြေကွက်အတွင်း ရှေ့ပိုင်း ပေ ၇၀ x ပေ၁၀၀တွင် သတ်မှတ် ပေးထားသည့် ပုံစံအတိုင်း တစ်ထပ်ဆိုင်ခန်းဆောက်လုပ်ရန်နှင့် နောက်ပိုင်း ပေ ၁၀၀ x ပေ ၁၀၀ တွင် အလုပ်သမားများ နေထိုင်ရန် စတိုများအား အများဆုံးနှစ်ထပ်အထိသာ ဆောက်လုပ်ရန် ခွင့်ပြုမည်။ ဆောက်လုပ်မည့်ပုံစံအား တင်ပြအတည်ပြုချက် ရယူဆောက်လုပ်ရမည်။

၆။ ဈေးဆိုင်ခန်း ဆောက်လုပ်ရောင်းချခွင့် ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်၊ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်း မပြုရ။

၇။ လုပ်ငန်းဆက်လက်မလုပ်နိုင်ပါက မြေနှင့်အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၈။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို လိုက်နာဆောင်ရွက်ရမည်–

(က) လုပ်ငန်းရင်းနှီးမြှုပ်နှံနိုင်သည့် ခိုင်မာသော ငွေကြေးအင်အားရှိမှုအနေအထားကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ထောက်ခံချက်နှင့် သက်ဆိုင်ရာ ဘဏ်၏ အာမခံချက် (သို့မဟုတ်) မရွှေ့ပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်မှု အထောက်အထားနှင့်အတူ တင်ပြရမည်။

(ခ) လျှောက်ထားသူသည် လျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအား အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ဂ) အဆောက်အဦဆောက်လုပ်ပြီး လုပ်ငန်းစတင်လုပ်ကိုင်သည်နှင့် မြေပိုင်ဆိုင်မှု အဖြစ် နှစ်(၃၀)မြေငှားဂရန်ထုတ်ပေးမည်။ အဆိုပါ မြေငှားဂရန်အား (၁၀)နှစ် အတွင်း လွှဲပြောင်းရောင်းချခြင်းမပြုရ၊ (၁၀)နှစ်ကျော်လွန်ပြီးနောက် လွှဲပြောင်း ရောင်းချမည်ဆိုပါက သတ်မှတ်မြေကွက်အတိုင်းသာ လွှဲပြောင်းရောင်းချခွင့် ပြုမည်။ မြေကွက်အား အစိတ်စိတ်ပိုင်းခွဲ၍ လွှဲပြောင်းရောင်းချခွင့်မပြု။

ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့်ယာဉ်ပြင်အလုပ်ရုံများ

၉။ နေပြည်တော်တွင် ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများကို အောက်ပါလုပ်ငန်း ဆောင်ရွက်လိုသူများသည် ဝယ်ယူရန် လျှောက်ထားနိုင်ပါသည်–

(က) လက်ရှိပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူများ(အထောက်အထားပူးတွဲလျက်)။

(ခ) လက်ရှိပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းများ။

(ဂ) လက်ရှိ လုပ်ကိုင်နေသော ယာဉ်ပြင်အလုပ်ရုံများ။

၁၀။ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများတွင် လျှပ်စစ်မီး၊ ရေ၊ ဆက်သွယ်ရေး၊ ကွန်ကရစ်လမ်းနှင့် ရေစီးရေလာစနစ်များအပြည့်အစုံဖြင့် ဆောက်လုပ်ပေးမည်။

၁၁။ အဆောက်အဦကို သတ်မှတ်ပေးသည့်ပုံစံအတိုင်း မိမိအစီအစဉ်ဖြင့်ဆောက်လုပ်ရမည်။

၁၂။ မြေကွက်ဖော်ထုတ်မှု ကုန်ကျစရိတ်များကို ဝယ်ယူသူများမှ ပေးချေရမည်။

၁၃။ အဆောက်အဦကို သုံးလအတွင်း ဆောက်လုပ်ရန်နှင့် လုပ်ငန်းဆက်လက် မလုပ်နိုင်ပါက မြေနှင့် အဆောက်အဦအားလုံးကို နိုင်ငံတော်မှ ပြန်လည်သိမ်းယူမည်။

၁၄။ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်အား ထပ်မံလွှဲပြောင်းခြင်းမပြုရ၊ မိမိကိုယ်တိုင် လုပ်ကိုင်သော လုပ်ငန်းဖြစ်ရမည်။ မိမိအမည်ခံ၍ အခြားသူအား တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ ငှားရမ်းလုပ်ကိုင်ခြင်းမပြုရ။

စည်းကမ်းချက်များ

၁၅။ အထက်ဖော်ပြပါ မြို့ကွက်သစ်၊ အဆင့်မြင့်ဈေး၊ ပွဲရုံ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ယာဉ်ပြင်အလုပ်ရုံများ ဝယ်ယူရန် လျှောက်ထားသူများသည် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီသူ ဖြစ်ရပါမည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နိုင်ငံတော်၏ တရားဥပဒေများကို လိုက်နာစောင့်ထိန်းသူ ဖြစ်ရမည်၊ တရားဥပဒေဘောင် ပြင်ပရှိ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်း တစ်ခုခု ဖြစ်စေ၊ အဖွဲ့အစည်းများနှင့် ဖြစ်စေ အဆက်အသွယ်ရှိသူ မဖြစ်စေရ။

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေကို ကိုယ်တိုင်ကျူးလွန်ဖောက်ဖျက်ခဲ့ဖူးသူ သော်လည်းကောင်း၊ ကျူးလွန် ဖောက်ဖျက်သူများနှင့် ပတ်သက်ဆက်စပ်မှုရှိသူ သော်လည်းကောင်း မဖြစ်စေရ။

၁၆။ လျှောက်ထားရန် စိတ်ပါဝင်စားသူများသည် လျှောက်လွှာကို **နေပြည်တော် စည်ပင်သာယာရေး ကော်မတီရုံး သို့မဟုတ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နေပြည်တော်** သို့ ဆက်သွယ် စုံစမ်း လျှောက်ထားနိုင်ပါသည်။

၁၇။ **ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံတော်က သတ်မှတ်ခွင့်ပြုပေးထားသော အသင်းများအတွက်** မြို့ကွက်သစ်များတွင် သီးသန့်နေရာချထားပေးမည် ဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် အသင်းများသည် **အထက်အပိုဒ် (၁၆) ပါ လိပ်စာများ** သို့ လာရောက် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ

စုံစမ်းရန် ဖုန်းနံပါတ်များ။ ၀၆၇၄၀၉၃၂၀၊ ၀၆၇၄၁၄၂၀၂၊၀၆၇၄၁၄၂၀၄၊ ၀၆၇၄၁၄၂၈၉၊ ၀၆၇၄၁၄၂၉၄

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မွေးမြူရေးဇုန်များ လှည့်လည်ကြည့်ရှု တည်ဆောက်ဆဲ အစာစပ်စက်ရုံနှင့် တိရစ္ဆာန်ဆေးဝါးစက်ရုံ စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာ မွေးမြူရေးဇုန်(၁)ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို) နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိပြီး မွေးမြူရေးခြံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးဇုန်(၁)ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးလှမျိုးကျော်၏ နို့စားနွား မွေးမြူရေးခြံကို သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးလုပ်ငန်းရှင် ဦးနေလင်းအောင်၏ ဆိတ်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် မန္တလေးတိုင်း တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာ မွေးမြူရေးဇုန်(၂)ရှိ မန္တလေးတိုင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ တည်ဆောက်ဆဲ အစာစပ်စက်ရုံနှင့် တိရစ္ဆာန်ဆေးဝါးစက်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးဇုန်(၂)ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးမောင်မောင်လွင်၏ နို့စားနွား မွေးမြူရေးခြံကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ပင်လုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ ဝမ်အင်ကျေးရွာ ရပ်မိရပ်ဖ ဦးလုံးမှူးနှင့် ဝမ်လုံကျေးရွာ ရပ်မိရပ်ဖ ဦးစိုင်းလှဦးတို့ ပင်လုံမြို့နယ် ဝမ်အင်၊ ဝမ်လုံ စံပြကျေးရွာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

❖ **ဝမ်အင်နှင့် ဝမ်လုံ စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသည် ကျေးရွာ ပြည်သူများ စုပေါင်းဆောက်လုပ်ထားခြင်းဖြစ်ပြီး ငွေကျပ် ၁၀ သိန်းကျော် ကုန်ကျကာ စာအုပ် စာတမ်း ၄၁၀ ရှိ။**

❖ **ကျေးရွာနေပြည်သူများ သောက်ရေ၊ သုံးရေ အလွယ်တကူ ရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဂါလန် ၆၀၀၀ ဆံ့ အုတ်ရေကန် တစ်ခုကို တည်ဆောက်၍ ရေပေးဝေလျက်ရှိ။**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံဒေသ ဝမ်အင်၊ ဝမ်လုံ စံပြကျေးရွာဖွင့်လှစ် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာတိုးတက် ကျေးလက်မီးလင်းရေးနှင့် သောက်သုံးရေ အလွယ်တကူရရှိရေး ဆောင်ရွက်ပေးထား

ရန်ကုန် ဇန်နဝါရီ ၁၂

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်ကြီးကို အဘက်ဘက်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးမှုများကြောင့် ဖွံ့ဖြိုးတိုးတက်လာသည့် ကျေးရွာများအနက် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့နယ် ပင်လုံအရှေ့အုပ်စုရှိ ဝမ်အင်၊ ဝမ်လုံကျေးရွာသည်လည်း အပါအဝင်ဖြစ်သည်။

ဝမ်အင်၊ ဝမ်လုံ စံပြကျေးရွာဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီတွင် အဆိုပါကျေးရွာ၌ ကျင်းပရာ ပင်လုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်း၊ ဝမ်အင်ကျေးရွာ ရပ်မိရပ်ဖ ဦးလုံးမှူးနှင့် ဝမ်လုံကျေးရွာ ရပ်မိရပ်ဖ ဦးစိုင်းလှဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ အခမ်းအနားသို့ လွိုင်လင်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ တိုင်းရင်းသူ၊ တိုင်းရင်းသားများနှင့် ဒေသခံကျေးရွာပြည်သူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** *